


စိတ်ကူးချိုချိုအနုပညာ

ရုရှစာရေးဆရာကြီး
V.GARSHIN ၏
ဝတ္ထုတိုလက်ရာ ၃ ပုဒ်


# ပန်းချီဆရာ၊ လူကြောက်နှင့် ကြက်သွေးရောင်ပန်း

မောင်ထွန်းသူ
ပြန်ဆိုသည်။

ဒုတိယအကြိမ်

mgyoe.com

ရုရှစာရေးဆရာကြီး
V.GARSHIN ၏
ဝတ္ထုတိုလက်ရာ ၃ ပုဒ်



# ပန်းချီဆရာ၊
# လူကြောက်နှင့်
# ကြက်သွေးရောင်ပန်း

မောင်ထွန်းသူ
ပြန်ဆိုသည်။

mgyoe.com

tun 0041 / 1500

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၉၈ · ၈၃

ပန်းချီဆရာ၊ လူကြောက်နှင့် ကြက်သွေးရောင်ပန်း
မောင်ထွန်းသူ ၊ နေ့ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၁၁၇ မျက်နှာ၊ ၁၃ စင်တီ × ၂၀ · ၅ စင်တီ
(၁) ပန်းချီဆရာ၊ လူကြောက်နှင့် ကြက်သွေးရောင်ပန်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပန်းချီဆရာ၊ လူကြောက်နှင့် ကြက်သွေးရောင်ပန်း မောင်ထွန်းသူ

မြန်မာပြန်



ရုရှစာရေးဆရာကြီး V.Garshin ၏
ဝတ္ထုတိုလက်ရာ ၃ ပုဒ်။
(ပထမအကြိမ်ထုတ်ဝေစဉ်က ကြက်သွေးရောင်ပန်းအမည်ဖြင့်)

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မြန်မာပြန်သူ၏ အမှာ

“ကြက်သွေးရောင်ပန်း” ဟု အမည်ပေးထားသော ဤစာအုပ်တွင် “ပန်းချီဆရာ[၁]”၊ “လူကြောက်[၂]”နှင့် “ကြက်သွေးရောင်ပန်း[၃]” အမည်ရှိ ဝတ္ထုတို သုံးပုဒ် ပါဝင်ပါသည်။ အားလုံးမှာ ရုရှားဝတ္ထုတိုများဖြစ်၍ ရုရှား စာရေးဆရာ “ဗီဆီဗိုလော့ဂါရှင်[၄]” သို့မဟုတ် “ဗီဂါရှင်[၅]” ၏ လက်ရာများ ဖြစ်သည်။

“ပန်းချီဆရာ” သည် ပန်းချီအနုပညာနှင့် ယင်းပညာရှင်တို့၏ သဘောသဘာဝကို ဖော်ပြထားသော ဝတ္ထုဖြစ်၏။ “လူကြောက်” မှာ စစ်၏ အနိဋ္ဌာရုံကို ရည်ညွှန်းထားသော ဝတ္ထုဖြစ်၍ “ကြက်သွေးရောင်ပန်း” မှာ အရူးတစ်ယောက် (သို့မဟုတ်) စိတ္တဇဝေဒနာသည် တစ်ဦး၏ အတွေးအထင်များကို စဉ်းစားဆင်ခြင်စဖွယ် ဖြစ်လာအောင် ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

၁။ ARTISTS
၂။ THE COWARD
၃။ THE SCARLET FLOWER
၄။ Vsevolod Garshin
၅။ V.Garshin

mgyoe.com

mgyoe.com

ဂါရှင်သည် "ဒေ့ါစတိုယက်ဗ်စကီး[၁]"၊ "တော်လ်စတွိုင်း[၂]"၊ "ချက်ကော့[၃]" စသည့် အကျော်အမော် ရုရှားစာရေးဆရာများနှင့် ခေတ်ပြိုင်တစ်ဦးဖြစ်သည်။ "တူဂရေးညက်[၄]" နှင့်လည်း ခင်မင်ရင်းနှီးခဲ့သော စာရေးဆရာဖြစ်သည်။ သို့သော်လည်း ဆရာများလောက် ထင်ရှားကျော်ကြားသည့် အဆင့်သို့ မရောက်ခဲ့ပေ။

သူသည် သူ၏စာပေဘဝခရီးကို ၁၈၇၀ ပြည့်နှစ်များအတွင်းတွင် စတင်ခဲ့သည်။ သို့သော်လည်း သူ့စာပေခရီးမှာ နှစ်နှစ်ဆယ်နီးပါးမျှသာ ကြာခဲ့၏။ ယင်းအချိန်ကာလအတွင်းတွင် သူသည် ဝတ္ထုတိုပေါင်း နှစ်ဒါဇင်ခန့်သာ ရေးသားခဲ့သည်။ ရုရှားစာပေလောကအတွက် သူ ထားခဲ့သည့် စာပေအမွေအနှစ်သည် များစွာနည်းပါးလှသည်ဟု ဆိုကြရသော်လည်း သူ့အမွေအနှစ်မှာ ရုရှားစာပေသမိုင်းတွင် ထင်ရှားသည့် မှတ်တိုင်တစ်တိုင်အဖြစ် ကျန်ရစ်ခဲ့သည်ဟု စာပေပညာရှင်များက အကဲဖြတ်ခဲ့ကြသည်။

စာပေနယ်ထဲသို့ ဂါရှင် ဝင်ရောက်လာချိန်တွင် သူ့အသက်သည် နှစ်ဆယ့်ငါးနှစ်အရွယ် ဖြစ်သည်။ "ဒေ့ါစတိုယက်ဗ်စကီး၊ တော်လ်စတွိုင်း၊ ချက်ကော့၊ တူဂရေးညက်" စသူတို့နှင့် သက်တူရွယ်တူဖြစ်၍ လူငယ်စာရေးဆရာတစ်ယောက်အဖြစ် လူသိများခဲ့သည်။ စိတ်ရင်းစေတနာကောင်းပြီး တစ်ဖက်သားအပေါ် ကိုယ်ချင်းစာတတ်သော၊ သနားကြင်နာတတ်သော ဂါရှင်အပေါ် အပေါင်းအသင်း အားလုံးလိုလိုက ချစ်ကြသည်။ "သူ့ အပေါင်းအသင်းတွေက သူ့ကို ညီငယ်လေးတစ်ယောက်လို ချစ်ကြတယ်၊ သူနဲ့ အယူအဆချင်းမတူတဲ့ အုပ်စုတွေကတောင် သူ့ကိုချစ်ကြတယ်" ဟု သူ့မိတ်ဆွေ စာရေးဆရာတစ်ဦးက မှတ်ချက်ချခဲ့ဖူးတယ်။

mgyoe.com

mgyoe.com



သတ္တုတွင်း အင်ဂျင်နီယာ တက္ကသိုလ်ကျောင်းသားဘဝတွင် သူသည် စစ်ထဲသို့ ပါသွားခဲ့သည်။ ၁၉၇၇ ခုနှစ်မှ စတင်ဖြစ်ပွားသည့် ရုရှား–တူရကီစစ်ပွဲတွင် ပါဝင်ခဲ့ရခြင်းဖြစ်၏။ သူ့စကားအတိုင်း ပြောရမည်ဆိုပါက "သူတို့၏ ဦးခေါင်းများနှင့် ရင်ဘတ်များကို ကျည်ဆန်များနှင့် ဆုံတွေ့ရန် ထုတ်ဖော်ပြသနေကြရသူများနှင့် မျှဝေခံစားရန်" သူ စစ်ထဲ ဝင်ခဲ့ခြင်းဖြစ်သည်။ သူသည် စစ်ကို အနိဋ္ဌာရုံတစ်ခုအဖြစ် မြင်ခဲ့သူဖြစ်ရာ သူရေးသားထားခဲ့သည့် ဝတ္ထုတိုများတွင် ထိုအမြင်ကို ထင်ဟပ်ပြသခဲ့သည်။

ဂါရှင်အား ညီငယ်တစ်ဦးသဖွယ် ချစ်ခဲ့ကြသော စာရေးဆရာများက သူ့အား "ကံနည်းသူ" ဟု ဆိုခဲ့ကြသည်။ တခြားကြောင့်တော့မဟုတ် အသက်ငယ်ငယ်နှင့် ကွယ်လွန်သွားခဲ့ရခြင်းကြောင့် ဖြစ်၏။ ၁၈၅၅ ခုနှစ်က မွေးဖွားခဲ့သော ဂါရှင်သည် ၁၈၈၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် သူ့အသက်မှာ ၃၃ နှစ်မျှသာ ရှိပေသေးသည်။

၁။ Dostoyevsky

၂။ Tolstoy

၃။ Chekhov

၄။ Turgenev

*

ဂါရှင်သည် ဒေါ့စတိုယက်ဗ်စတီး၊ တော်လ်စတွိုင်း၊ ချက်ကော့နှင့် တူဂရေးညက် အစရှိသော စာရေးဆရာများကဲ့သို့ပင် အစွမ်းအစနှင့် အလားအလာကြီးမားသော လူငယ်စာရေးဆရာတစ်ယောက်ဟု ရုရှား စာပေပညာရှင်များက အသိအမှတ်ပြုထားကြပါသည်။ ရုရှစာပေအတွက် သူထားရစ်ခဲ့သော အမွေအနှစ်မှာ နည်းပါးလှ၏။ သို့သော်လည်း ထို "အနည်းစု" ကို လေ့လာကြည့်ခြင်းအားဖြင့် ဂါရှင်၏ ထူးခြားပြောင်မြောက်သော အတွေးအခေါ်နှင့် အရေးအသားများကို သိမြင်နိုင်သည်ဟု ဆိုကြပါသည်။

ဂါရှင်၏စာများသည် ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်နှင့် အထိအတွေ့ အလွန်နည်းသည်ဟု ထင်ပါသည်။ ဂါရှင်၏ ဘာသာပြန်ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် စတင်တွေ့ရှိခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်၊ လေးဆယ်နီးပါးက ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

mgyoe.com

mgyoe.com



ကျွန်တော် အမှတ်များချင်လည်း မှားပါလိမ့်မည်။ ရှုမဝမဂ္ဂဇင်းတွင် ဖြစ်လေမလား မသိပါ။ ဂါရှင်၏ ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော် ဖတ်လိုက်ရပါသည်။ ဘာသာပြန်သူမှာ ဆရာကြီးမောင်ထင် ဖြစ်ပါသည်။ မူရင်းဝတ္ထုအမည်မှာ THE SINGAL ဖြစ်၍ ဆရာကြီးမောင်ထင်က ဘယ်လိုအမည်ပေးခဲ့သည်ကိုပင် ကျွန်တော် မမှတ်မိတော့ပါ။

ထိုဝတ္ထုဆို ကျွန်တော်များစွာ သဘောကျခဲ့ပါသည်။ ထိုအချိန်က ကျွန်တော်တို့နိုင်ငံတွင် သောင်းကျန်းမှုဒီရေတက်နေချိန် ဖြစ်သည်။ လမ်းဖျက်၊ တံတားဖျက်၊ မိုင်းဗုံးထောင် စသော လုပ်ရပ်များကြောင့် မီးရထားများ မကြာခဏ မှောက်နေချိန် ဖြစ်သည်။ ထိုဝတ္ထုတိုထဲမှ ဇာတ်ကောင်သည် မီးရထားလမ်း ပျက်နေသည်ကို တွေ့ရ၏။ မကြာမီ လာတော့မည့်လူစီးမီးရထားကို သူ ဘယ်လို တားရမည်မသိ။ ဤတွင် သူသည် ကြံရာမရဖြစ်ကာ သူ့လက်ကို ဖြတ်ပစ်သည်။ ထွက်လာသည့် သွေးများဖြင့် အဝတ်တစ်စကို လူး၍ ထိုအဝတ်ဖြင့် မီးရထားအား ဝှေ့ယမ်းပြသည်။ သူ၏ကြိုးပမ်းမှုကြောင့် မီးရထားပေါ်မှ လူများ အသက်ချမ်းသာရာရခဲ့ကြသည်။ ဇာတ်လမ်းမှာ ဤမျှလောက်သာ ဖြစ်၏။ သို့သော်လည်း အရေးအဖွဲ့ ကောင်းသဖြင့် ကျွန်တော် များစွာနှစ်သက်ခဲ့ရပါသည်။

ကျွန်တော် ယခုတွေ့ထားသည့် ဂါရှင်၏ ဝတ္ထုများမှာ ၁၁ ပုဒ် ရှိပါသည်။ ယင်း ၁၁ ပုဒ်ထဲမှာ ၃ ပုဒ်ကို ရွေးချယ်ပြန်ဆိုထားခြင်းဖြစ်ပါသည်။ ဤသုံးပုဒ်စလုံးကို စာဖတ်ပရိသတ် နှစ်သက်ကြလိမ့်မည်ဟု ထင်ပါသည်။

**မောင်ထွန်းသူ**

**၁၃၊ အောက်တိုဘာ၊ ၁၉၉၉**

* * *

mgyoe.com

mgyoe.com

# ပန်းချီဆရာ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁

## ဒီဒေါ်

ဒီနေ့ ကျွန်တော်ဟာ ကျွန်တော့်အပေါ်မှာ ပိနေတဲ့ အဆမတန် ကြီးမားလေးလံလှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျွန်တော့်ကိုယ်ပေါ်က ကွာကျသွားသလို စိတ်ထဲမှာ ခံစားရပါတယ်။ လုံးဝ ကျွန်တော် မမျှော်လင့်တဲ့ ကံကောင်းမှုဟာ ရုတ်တရက် ပေါ်ပေါက်လာခဲ့ပါတယ်။ ကျွန်တော့်ကိုယ်ပေါ်က အင်ဂျင်နီယာ ယူနီဖောင်း၊ ကျွန်တော် အမြဲတစေ ကိုင်တွယ်အသုံးပြုနေရတဲ့ ကိရိယာတန်ဆာပလာတွေနဲ့ ခန့်မှန်းတွက်ချက်မှုတွေအားလုံးကို "မင်းတို့အားလုံး ငရဲပြည်ကို သွားကြပေတော့" လို့ပြောပြီး လွှင့်ပစ်ရတော့မယ့်နေ့ပါ။

ဒါပေမဲ့ ကျွန်တော့်အဒေါ် သေသွားတဲ့အတွက် ကျွန်တော် ဝမ်းသာလုံးဆို့သလို ဖြစ်နေတာဟာ ရှက်စရာတစ်ခုများ ဖြစ်နေမလား။ ဘာကြောင့်လဲဆိုတော့ အဒေါ်က သူသေတော့ ကျွန်တော့်ကို အမွေပေးခဲ့တာမဟုတ်လား။ အဲဒီအမွေကို ရလိုက်တဲ့အတွက် ကျွန်တော်ဟာ အလုပ်က ထွက်နိုင်တဲ့ အခြေအနေကို ရောက်လာရတယ် မဟုတ်လား။

ဒီကိစ္စဟာ မှန်တာတော့ အမှန်ပဲ။ အဒေါ်က သူသေခါနီးမှာ ကျွန်တော့်ကို ကျွန်တော် မြတ်နိုးတွယ်တာတဲ့ အလုပ်ကို လုပ်စေချင်တယ်ဆိုတဲ့ ဆန္ဒကို ဖော်ထုတ်ပြောပြသွားခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုဆိုရင် ကျွန်တော်ဟာ ကျွန်တော့်အဒေါ်ရဲ့ ထက်သန်ပြင်းပြတဲ့ ဆန္ဒကို ဖြည့်ဆွမ်းပေးနိုင်တော့မှာမို့ ဝမ်းသာနေတာတော့ အမှန်ပဲ။ အဖြစ်က ဒီလို။ မနေ့ကပေါ့...ကျွန်တော်တို့ရဲ့ အရာရှိချုပ်ဟာ ကျွန်တော် အလုပ်က ထွက်တော့

mgyoe.com

mgyoe.com


မယ်လို့ ပြောတာကြားလိုက်တော့ အကြီးအကျယ် အံ့အားသင့်နေတယ်။ ကျွန်တော် ဒီအလုပ်ကထွက်ပြီး ဘာအလုပ်လုပ်မယ်ဆိုတာ ရှင်းပြလိုက်တော့ ပါးစပ်ကြီးအဟောင်းသားနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။

"အနုပညာကို ချစ်မြတ်နိုးတဲ့ အတွက်ပေါ့လေ၊ ဟုတ်လား။ အင်း. . .မင်း အလုပ်ထွက်စာ ပေးခဲ့ပေါ့"

သူက ဒါပဲပြောတယ်။ နောက်ထပ် ဘာတစ်ခွန်းမှ မပြောတော့ဘဲ ထွက်သွားတယ်။ ကျွန်တော့်အဖို့ကတော့ အလိုချင်ဆုံးအရာဟာ ဒါပဲ။ အမြင့်ဆုံး စိတ်ချမ်းသာမှုကို ရတာပဲ မဟုတ်လား။

ကျွန်တော့်အနေနဲ့ လူတွေနဲ့ဝေးရာ၊ စိန့်ပီတာဘတ်မြို့နဲ့ ဝေးရာကို ထွက်သွားချင်တယ်။ ဒါကြောင့်မို့ လှေတစ်စီးငှားပြီး ပင်လယ်ကမ်းခြေ တစ်လျှောက် ထွက်ခဲ့ပါတယ်။ ဟိုးအဝေးမှာတော့ ရေပြင်ရယ်၊ မိုးကောင်းကင်ရယ်၊ မြို့တော်ရယ်ဟာ နေရောင်အောက်မှာ တဝင်းဝင်း တလက်လက် တောက်ပနေပါတယ်။ ပင်လယ်တွေရဲ့ ကမ်းစပ်တစ်လျှောက်မှာတော့ အပြာရောင် တောအုပ်တွေပါ။ ကရွန်စတတ်လမ်းရဲ့ အထွက်ဘက်မှာတော့ ရွက်တိုင်ထိပ်တွေကို မြင်နေရပါတယ်။ မီးသင်္ဘောတွေနဲ့ ရွက်သင်္ဘောတွေဟာ ကျွန်တော့်လှေကို ဖြတ်သန်းသွားနေကြပါတယ်။ ကျွန်တော့်အမြင်ထဲမှာတော့ အားလုံးဟာ အလင်းရောင်သစ်ထဲက မြင်ကွင်းဖြစ်နေပါတယ်။

အဲဒီအရာတွေအားလုံးဟာ ကျွန်တော် ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ဖြစ်နေပါပြီ။ အားလုံးဟာ ကျွန်တော့်ရဲ့ စွမ်းအားအတွင်းမှာ ရောက်နေကြပါပြီ။ အဲဒီအရာတွေအားလုံးကို ကျွန်တော် လှမ်းယူလို့ ရနေပါပြီ။ အားလုံးကို ကင်းဗတ်ပေါ်မှာ လွတ်လွတ်လပ်လပ် ချလို့ရနေပါပြီ။ ပြီးတော့ ဆေးစက်ချထားတဲ့ အဲဒီပစ္စည်းကို လူအများရှေ့မှာ ချပြလို့ ရနေပါပြီ။ အနုပညာရဲ့ ဖမ်းစားမှုနဲ့ လူတွေရဲ့စိတ်ကို ညှို့ယူဖမ်းစားလို့နေပါပြီ။ မှန်ပါတယ်။ လူတစ်ယောက်ဟာ ဝက်ဝံတစ်ကောင် ဖမ်းမမိသေးခင် ဝက်ဝံရေကို ရောင်းပစ်လို့ မဖြစ်ပါဘူး။ လက်ရှိအခြေအနေအရ ကျွန်တော်ဟာ ကျွန်တော့်ကိုယ်ကျွန်တော် ပန်းချီဆရာ အကျော်အမော်တစ်ယောက်လို့မှ မခေါ်နိုင်သေးတာ။

လှေဟာ နူးညံ့ချောမွေ့လှတဲ့ ရေပြင်ပေါ်မှာ ရုပ်တိုက်ပြီး ရွေ့လျားနေပါတယ်။ လှေသမားဟာ အရပ်ထောင်ထောင်မောင်းမောင်းနဲ့ ကြံ့ခိုင်သန်

mgyoe.com

mgyoe.com


စွမ်းတဲ့ လူငယ်လူချော တစ်ယောက်ပါ။ ကြက်သွေးရောင် ရှပ်အင်္ကျီ ဝတ်ထားပါတယ်။ တက်တွေကို အားနဲ့အင်နဲ့ ဆုတ်ဆွဲပြီး မှန်မှန်လှော် ခတ်နေတာဆိုတော့ သူ့ခန္ဓာကိုယ်ဟာ ရှေ့ထိုးနောက်ငင် ဖြစ်နေပါတယ်။ သူရဲ့ အားကောင်းမောင်းသန် ခတ်ချက်တွေကြောင့် လှေဟာ ရှေ့ကို အရှိန် ပြင်းစွာ ပြေးသွားနေပါတယ်။ ဝင်လုဆဲဆဲ နေရောင်ဟာ သူ့မျက်နှာပေါ် ထိုးကျနေပါတယ်။ လိမ္မော်ရောင်နဲ့ ကြက်သွေးရောင်ဟာ ရောစပ်ယှက်နွယ် ပြီး ကျွန်တော့်စိတ်ကို စိုးမိုးခြယ်လှယ်နေပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဆေးရောင်စုံနဲ့ သူ့ပုံကို ဆွဲချင်တဲ့ဆန္ဒဟာ သိပ်ကိုပြင်းထန်လာပါတယ်။ ကျွန်တော် သွားလေရာ သယ်သွားလေ့ရှိတဲ့ လက်ဆွဲသေတ္တာထဲမှာ ကင်းဗတ် တွေ၊ ဆေးတွေနဲ့ စုတ်တံတွေ ရှိနေပါတယ်။

"လှေအလှော်ကို ခဏရပ်ပြီး တစ်မိနစ်လောက် ငြိမ်ငြိမ်ကလေး နေပေးပါလား။ ငါ မင့်ပုံကို ပန်းချီဆွဲထားလိုက်ချင်တယ်" လို့ ကျွန်တော် က ပြောတယ်။

သူဟာ ချက်ချင်းပဲ လှေကို မလှော်တော့ဘဲ ရပ်လိုက်ပါတယ်။

"လှေတက်တွေပေါ် ငှက်နားနေသလို ပုံစံမျိုးနဲ့ ထိုင်ပေးပါလားကွာ"

သူဟာ လှော်တက်တွေကို နောက်ဘက်ဆွဲပြီး လက်နှစ်ဖက်ကို လှော် တက်တွေပေါ်မှာ ငှက်အတောင်ဖြန့်သလို ခပ်ကားကားဖြန့်ပြီး မေးတင်ထား ပါတယ်။ ပြီးတော့ မလှုပ်မယှက် ထိုင်နေပေးပါတယ်။ အင်မတန်မှ လှပ တဲ့ ပုံစံပါ။ ကျွန်တော်ဟာ ခဲတံနဲ့ ကပျာကယာ ပုံကြမ်းလောင်းယူလိုက်ပြီး ပန်းချီ စဆွဲပါတယ်။ ဝမ်းသာအားရစိတ်နဲ့ အရောင်တွေကို စပ်လိုက်ပါတယ်။ ကျွန်တော် အသက်နဲ့ကိုယ် မြဲနေသမျှကာလပတ်လုံး ကျွန်တော့်စိတ်ကို ကျွန်တော် မြင်တွေ့နေတဲ့ အရာပေါ်ကနေပြီး ပြောင်းရွှေ့သွားအောင် ဘယ် အရာကမှ မလုပ်နိုင်တော့ဘူးဆိုတာ ကျွန်တော် သိနေပါတယ်။

မကြာခင်မှာပဲ လှေသမားဟာ သူလုပ်ကိုင်နေရတာအပေါ်မှာ ငြီးငွေ့ လာဟန်တူပါတယ်။ သူ့မျက်နှာမှာ ပျင်းရိနေတဲ့ အရိပ်အငွေ့တွေ ယှက် သမ်းလာပါတယ်။ အားရပါးရ တစ်ချက်သမ်းလိုက်ပြီး အင်္ကျီလက်နဲ့ မျက်နှာ ကို သုတ်လိုက်ပါတယ်။ သူ့မျက်နှာကို ရှေ့ငုံ့ပြီး တက်ပေါ်က လက်နဲ့ သုတ်လိုက်တာဆိုတော့ သူ့အင်္ကျီရဲ့ ခေါက်ရိုးတွန့်ပုံ၊ ကြေပုံ၊ လိပ်ပုံ၊ ကျပုံ တွေဟာ စောစောကလို မဟုတ်တော့ဘဲ အခြေပျက်သွားပါတယ်။ အတော့်

mgyoe.com

mgyoe.com


ကို စိတ်ပျက်စရာ ကောင်းတာပဲ။ ကျွန်တော်ဟာ ကျွန်တော့်ကိုယ်ဟန်ပြ တဲ့လူ လှုပ်ရှားလာရင် သိပ်မုန်းတတ်တဲ့ လူပါ။

"မင်း ငြိမ်ငြိမ်ကလေးမနေနိုင်ဘူးလား သူငယ်ချင်းရယ်"

သူက ပြုံးဖြဲဖြဲ လုပ်နေတယ်။

"မင်းက ဘာကြောင့် ရယ်နေရတာလဲ"

"ရယ်စရာ ကောင်းလို့ပါဗျာ"

လို့ သူက အိပ်ချင်နေတဲ့ အပြုံးနဲ့ ပြန်ပြောတယ်။

"နေစမ်းပါဦး၊ ဘာက ရယ်စရာကောင်းနေတာလဲ"

"ကျွန်တော့်ကို ရှားပါးပစ္စည်းတစ်ခုလို သဘောထားပြီး ပန်းချီဆွဲ နေတာကြောင့်ပါ။ ကျွန်တော်ဟာ ပန်းချီကားတစ်ကား ဖြစ်သွားမယ်ဆိုပါ တော့ ဟုတ်လား"

"ဒါပေါ့...ငါ့လူရယ်၊ ပန်းချီဆွဲတာဟာ ပန်းချီကားမဖြစ်လို့ တခြား ဘာများ ဖြစ်ရဦးမှာလဲ"

"အဲဒီကားကို ဘာပြုလို့ ဆွဲချင်ရတာလဲ"

"လေ့ကျင့်တာပေါ့ကွာ။ ငါ့အနေနဲ့ အဲသလို အသေးအဖွဲကလေးတွေ ကို အချိန်တော်တော်များများယူပြီး ဆွဲနေမယ်ဆိုရင် နောက်ပိုင်းကျတော့ အကြီးစားကြီးတွေကို ဆွဲနိုင်လာမှာပေါ့"

"အကြီးစားကြီးတွေ ဟုတ်လား"

"ဟုတ်တယ်"

သူဟာ ငြိမ်နေတယ်။ ပြီးတော့မှ "ဒါဆိုရင် ခင်ဗျားဟာ အထွတ် အမြတ်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပုံတွေကိုလည်း စိတ်ကူးနဲ့ ဆွဲနိုင်မှာပေါ့" လို့ ထပ်မေးတယ်။

"ဒါပေါ့ ဆွဲနိုင်တာပေါ့။ ဒါပေမဲ့ ငါက လက်တွေ့မြင်နေရတဲ့ ပုံတွေ ဆွဲရတာကို ပိုပြီးကြိုက်တယ်"

"ဟုတ်လား"

သူဟာ နောက်တစ်ကြိမ် ငြိမ်နေပြန်တယ်။ ပြီးတော့ တစ်ခါ ထပ် မေးပြန်တယ်။ "အဲဒါတွေက ဘာလုပ်ဖို့လဲ"တဲ့။

"ဘယ်ဟာတွေကို ပြောတာလဲ"

"ခင်ဗျားဆွဲထားတဲ့ ပန်းချီကားတွေကို ပြောတာ"

mgyoe.com

ထုံးစံအတိုင်းပါပဲ။ ကျွန်တော် ပန်းချီပညာရဲ့ ရည်ရွယ်ချက်နဲ့ သဘော သဘာဝအကြောင်းကို ကထိကတစ်ယောက်က ဟောပြောပို့ချသလို လုပ် မနေတော့ပါဘူး။ အဲဒီဆွဲထားတဲ့ ပန်းချီကားတွေကို ဈေးကောင်းကောင်းနဲ့ ရောင်းဖို့အတွက်လို့ သူနားလည်အောင် လွယ်လွယ်ပဲ ပြောပြလိုက်တယ်။ ရူဘယ်ငွေ တစ်ထောင်၊ နှစ်ထောင်သာ မကဘူး။ တစ်ခါတလေ အဲဒီထက် ပိုပြီး ရတတ်ကြောင်း သူနားလည်လွယ်အောင် ရှင်းပြလိုက်ပါတယ်။ လေ့သမားဟာ နားလည်သဘောပေါက်ပြီး ကျေနပ်သွားပါတယ်။ နောက် ထပ် ဘာမှမမေးတော့ပါဘူး။ ကျွန်တော် ဆွဲထားတဲ့ ပန်းချီပုံကြမ်းဟာလည်း အလွန့်အလွန်ကို ကောင်းတဲ့ပုံတစ်ပုံ ဖြစ်နေပါတယ်။ အထူးသဖြင့် အနီ ရောင် သရက်ထည်စ ရုပ်အင်္ကျီအရောင်ဟာ နေဝင်ဆည်းဆာအချိန်ရဲ့ အရောင် နဲ့ ရောစပ်ပြီး အလွန်လှပတဲ့ အသွေးအရောင်ကို ဖော်ပြနေပါတယ်။ ကျွန်တော် ဟာ အလွန့်ရွှင်လန်းမြူးထူးတဲ့ စိတ်နဲ့ အိမ်ကို ပြန်လာခဲ့ပါတယ်။

* * *

mgyoe.com

mgyoe.com

၂

## ရာဘီနှင်

ကျွန်တော့်ရှေ့တွင် အဘိုးကြီးတာရပ်စ်သည် ရပ်လျက်ရှိသည်။ ပါမောက္ခအိတ်စ်က "ခေါင်းပေါ် လက်များတင်၍ ရပ်ခိုင်းထားသည့်" ပုံစံအတိုင်း ဖြစ်ပါသည်။ ယင်းအနေအထားသည် "စံပြအနေအထား" တစ်ခုဟု အများက နားလည်ထားကြသည်။ ကျွန်တော်သည် အတန်းသားများ၏ အလယ်၌ ရှိနေသည်။ အတန်းသားအားလုံးသည် ကျွန်တော်ကဲ့သို့ပင် သူတို့၏ သုံးချောင်းထောက် ပန်းချီတင်ခုံများ၊ ဆေးစပ်ပျဉ်ပြားများရှေ့၌ စုတ်တံများကို ကိုင်၍ ထိုင်နေကြသည်။

ရှေ့ဆုံးတွင် ထိုင်နေသော ဒီဒေါ့သည် အလွန် စိတ်အားထက်သန်စွာဖြင့် အဘိုးကြီး တာရပ်စ်၏ပုံကို ရေးဆွဲလျက်ရှိသည်။ အမှန်တော့ သူသည် ရှုမျှော်ခင်း ပန်းချီကားများကိုသာ ရေးဆွဲလေ့ရှိသော ပန်းချီဆရာတစ်ယောက် ဖြစ်ပါသည်။ အလွန် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော အခန်းထဲတွင် ပန်းချီဆေးနံ့များ၊ ဆီဆေးနံ့များနှင့် တာပင်တိုင်ဆီနံ့များ ဖုံးလွှမ်းလျက် ရှိ၏။

နာရီဝက်တစ်ကြိမ် တာရပ်စ်အား အညောင်းအညာဖြေခွင့် ပေးထားသည်။ ထိုအခါတွင် သူသည် သူရပ်နေခဲ့သည့် ခုံ၏အစွန်း၌ ထိုင်၍ ရပ်နားလေ့ ရှိသည်။ ထိုအချိန်ကျတော့လည်း "ကိုယ်ဟန်ပြ" သည် သာမန်ကိုယ်လုံးတီး အဘိုးအိုတစ်ယောက်သာ ဖြစ်နေသည်။ အချိန်အတော်ကြာမျှ ရပ်နေခဲ့ရ၍ တင်းတောင့်နေသော အကြောများကို ဖြေနေသည့် လူတစ်ယောက်မျှသာ ဖြစ်နေသည်။

mgyoe.com

mgyoe.com


ကျောင်းသားကျောင်းသူများသည် သူတို့ဆွဲထားသည့် ပန်းချီကားများကို လိုက်လံကြည့်ရှုနေကြသည်။ တစ်ဦး၏ လက်ရာကို တစ်ဦးက လှည့်လာကြည့်ရှုနေကြခြင်း ဖြစ်၏။ ကျွန်တော့် သုံးချောင်းထောက် ခုံရှေ့တွင် လူအများ ဝိုင်းနေကြသည်။ ပန်းချီ၊ ပန်းပု အနုပညာသင်ကျောင်းတွင် ကျွန်တော်သည် နာမည်အကြီးဆုံး ကျောင်းသားတစ်ယောက် ဖြစ်နေသည်။ ပန်းချီဝေဖန်ရေးတွင် အကျော်ကြားဆုံးသော ဝေဖန်ရေးဆရာတစ်ဦးက ကျွန်တော့်အား "ရာဘီနင်ဟာ အထင်ရှားဆုံး ပန်းချီဆရာတစ်ယောက် ဖြစ်လာလိမ့်မည်" ဟု ထင်မြင်ချက်ပေးထားသည် မဟုတ်ပါလား။ ယင်းအချက်ကို အကြောင်းပြု၍ လူတိုင်းက ကျွန်တော် ဆွဲထားသည့်ပုံကို လာ၍ ကြည့်ရှုနေကြခြင်း ဖြစ်လေသည်။

နောက်ငါးမိနစ်အကြာတွင် လူအားလုံးသည် သူတို့နေရာများတွင် ပြန်ထိုင်နေကြသည်။ တာရပ်စ်သည် သူ၏ခုံပေါ်သို့ ပြန်ရောက်သွားသည်။ သူ့လက်ကို ခေါင်းပေါ်၌ပြန်တင်ကာ စောစောက ပုံစံအတိုင်း ပြန်ရပ်သည်။ ကျွန်တော်တို့အားလုံးသည် စောစောကအတိုင်းပင် ကိုယ့်ပုံကို ဆက်ဆွဲနေကြသည်။

ဤပုံစံသည် နေ့စဉ်နေ့တိုင်းပင် ဖြစ်သည်။

ဤအလုပ်သည် အလွန် ပျင်းရိငြီးငွေ့စရာကောင်းသည့် အလုပ်ဖြစ်သည်။ ထိုအချက်ကို ကျွန်တော် သိနားလည်ထားခဲ့သည်မှာ ကြာပြီ။ သို့သော်လည်း ကျွန်တော်သည် မီးရထားစက်ခေါင်းတစ်လုံးနှင့် တူနေသည်။ စက်ခေါင်းအဖို့ ရွေးချယ်စရာ လမ်းနှစ်လမ်းသာ ရှိသည်။ တစ်လမ်းမှာ စက်ခေါင်းမှ ရေခိုးရေငွေ့များ ကုန်ခန်းသွားသည်အထိ မီးရထားသံလမ်းပေါ်အတိုင်း ပြေးသွားနေရန် ဖြစ်၏။ ဒုတိယလမ်းမှာ မီးရထားသံလမ်းပေါ်မှ လမ်းဘေးသို့ ထိုးဆင်းပြီး စက်ခေါင်းတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားသည်အထိ ပြုလုပ်ပစ်ရန် ဖြစ်သည်။

အကယ်၍ ကျွန်တော်သည် သံလမ်းပေါ် ပြေးသွားနေသည်။ သူတို့က ကျွန်တော်၏ ဘီးများကို ဝိုင်းဖက်ထားသည် ဆိုကြပါစို့။ သို့ဆိုလျှင် ဘာတွေ ဖြစ်ကုန်မည်နည်း။ ဖြစ်ချင်တာ ဖြစ်ပါစေ။ ကျွန်တော်ကတော့ ဘူတာအထိ ရောက်အောင် သွားရမည်သာ ဖြစ်သည်။ တချို့က ဤသည်ကို

mgyoe.com

mgyoe.com


အနုပညာဆန်သော လှုပ်ရှားမှုဟု ပြောကြ၏။ သို့သော်လည်း ယင်းအလုပ်သည် လှုပ်ရှားမှုသာ ဖြစ်သဖြင့်. . .။

ပြခန်းတစ်ခုအတွင်း၌ လှည့်လည်သွားလာပြီး ပန်းချီကားများကို ကြည့်ရှုသည့်အခါ ထိုပန်းချီကားများထဲ၌ ကျွန်တော် ဘာတွေကို တွေ့မြင်ရပါသနည်း။ ရောင်စုံဆေးများဖြင့် ခြယ်မှုန်းထားသော ကင်းဗတ်များသာဖြစ်သဖြင့် ယင်းတို့သည် အခြားထုတ်လုပ်ထားသော ပစ္စည်းများနှင့် ဘာမျှမခြားပါ။ လူတွေက ကင်းဗတ်များကိုကြည့်၍ အရောင်တွေကို ပေါင်းစပ်ဖွဲ့စည်းထားပုံဟာ တကယ့်ကို ကျွမ်းကျင်တာပဲဟု ပြောကာ တအံ့တသြဖြစ်ကြပေလိမ့်မည်။ ထို့ထက်ပို၍ ပြောစရာ ဘာမျှမရှိပါ။

ပန်းချီအကြောင်းနှင့် ပတ်သက်၍ ရေးသားထားသော စာအုပ်တွေအများကြီး ရှိနေပါသည်။ ထိုစာအုပ်များထဲမှ အတော်များများကို ကျွန်တော်ဖတ်ရှုခဲ့ဖူးပါသည်။ သူတို့အနေဖြင့် ပန်းချီအကြောင်းကို ရေးသားထားကြသော်လည်း ဘာကိုမျှ သက်သေ မပြနိုင်ခဲ့ပါ။ သူတို့အားလုံးသည် ပန်းချီပညာ၏ အနက်အဓိပ္ပာယ်ကိုလည်း ဆွေးနွေးတင်ပြခဲ့ကြပါသည်။ သို့သော်လည်း ယင်းစာအုပ်များကို ဖတ်သည့်အခါတိုင်း ကျွန်တော့်စိတ်၏ နောက်ကွယ်၌ အတွေးတစ်ခုသည် ဝင်ရောက်ခိုကပ်နေလေ့ရှိ၏။ တခြား မဟုတ်ပါ။ အနက်အဓိပ္ပာယ်သည် တကယ်ရှိပါ၏လောဟူသော အတွေးဖြစ်သည်။ ကျွန်တော့်အနေဖြင့် တစ်စုံတစ်ယောက်အပေါ်၌ သြဇာကောင်းကောင်း လွှမ်းမိုးပြီး ရေးဆွဲထားသော ကားကောင်းဟူ၍ မမြင်ခဲ့ဘူးသည့်အားလျော်စွာ ဘာကြောင့် ပန်းချီပညာအပေါ်၌ ယုံကြည်သင့်ပါသနည်း။

ကျွန်တော် မယုံကြည်၍ မဖြစ်။ ယုံကြည်ရမည်ဟု ဆိုသည်။ ဘာကြောင့်နည်း။ ထိုယုံကြည်ချက်သည် ကျွန်တော့်တွင် ရှိသင့်သည့် လိုအပ်သော အရာတစ်ခုဟု ဆိုသည်။ သို့ဆိုလျှင် ကျွန်တော် ဘယ်လို ယုံကြည်ရမည်နည်း။ ကျွန်တော့် ဘဝတစ်ခုလုံးသည် လူတို့၏ မိုက်မဲသော သိလို၊ မြင်လိုမှုများအတွက် ကျေနပ်သာယာအောင် လုပ်ပေးရမည့် တာဝန်ကို ရာသက်ပန် ထမ်းဆောင်ပေးခြင်းဖြင့်သာ အချိန်ကုန်ရမှာလား (သို့မဟုတ်) အချို့သော အနှစ်ကင်းမဲ့သည့် ကြေးရတတ်လူများ စိတ်သာယာမှုအတွက် တစ်သက်တာပတ်လုံး အလုပ်အကျွေး ပြုနေရမှာလား။

mgyoe.com

mgyoe.com


ထိုလူစားများသည် အပျင်းပြေ (သို့မဟုတ်) အညောင်းပြေ သဘောဖြင့် ကျွန်တော့် ပန်းချီကားဆီသို့ ရောက်လာသည်။ ထိုပန်းချီကား သည် ဆေးဖြင့်၊ စုတ်တံဖြင့်သာ ရေးဆွဲထားသည်မဟုတ်။ ဒုက္ခဆင်းရဲ အမျိုးမျိုးနှင့် ရင်ဆိုင်ရယူထားသော အတွေ့အကြုံထဲမှ မွေးဖွားလာသော ကားတစ်ကား ဖြစ်၏။ ကျွန်တော့် နှလုံးသားမှ ယိုစီးကျဆင်းလာသော သွေးနှင့် ပြင်းထန်သော အာရုံခံစားမှုများကိုရင်းကာ ရေးဆွဲထားသော ကား ဖြစ်၏။ ထိုကဲ့သို့သော ကားကို ရွှေကြာပင် လူချမ်းသာက "အင်း ဒီကား သိပ်မဆိုးဘူး"ဟု တစ်ချက်မျှ ရေရွတ်ပြီး သူ့ဖောင်းပွနေသော အိတ်ကပ် ထဲ နှိုက်၍ ငွေကို ထုတ်ယူသည်။ ပြီးတော့ ရာတန် ရူဘယ်ငွေစက္ကူတချို့ ကို ကျွန်တော့်ထံ ပစ်ပေးပြီး ပန်းချီကားကို ဆွဲယူသွားသည်။

တကယ်တော့ ထိုလူ ယူသွားသည်မှာ ပန်းချီကားသာလျှင် မဟုတ်။ ထိုပန်းချီကားကို ဖန်တီးခဲ့စဉ်က ရင်းနှီးမြှုပ်နှံခဲ့ရသော အာရုံခံစားမှုများ၊ စိတ်လှုပ်ရှားမှုများ၊ ညပေါင်းများစွာ အိပ်မပျော်ခဲ့ရခြင်းများ၊ ပျော်ရွှင်သာယာ မှုများနှင့် နာကျင်ခံစားခဲ့ရမှုများ၊ မျှော်လင့်ချက်များနှင့် စိတ်အားပျက်မှုများ ကိုပါ ပန်းချီကားနှင့်အတူ ယူဆောင်သွားခြင်း ဖြစ်၏။

ထို့ပြင်လည်း မိမိတစ်ယောက်တည်း လူစုလူဝေးကြား၌ လျှောက်သွား လျက် ရှိသည်။ စက်ရုပ်တစ်ရုပ် အလုပ်လုပ်နေသည့်နှယ် မိမိ၏ ကိုယ်ဟန် ပြအား ညနေခင်းတွင်လည်းကောင်း၊ မနက်ပိုင်းတွင်လည်းကောင်း ပန်းချီ ဆွဲသည်။ မိမိ ဆွဲထားသည့် ပန်းချီကားများကို ပါမောက္ခများနှင့် မိမိ၏ အတန်းသားများက တအံ့တသြ ကြည့်ကြသည်။ ချီးမွမ်းပြောဆိုကြသည်။ မိမိ၏ လျင်မြန်သော တိုးတက်မှုကို ထောပနာ ပြုကြသည်။ အခု မင်း ဘာလုပ်နေသလဲ။ ဘာအတွက် လုပ်နေတာလဲ။ ဘယ်လမ်းကို သွားမှာလဲ။

ကျွန်တော်၏ နောက်ဆုံးပန်းချီကားကို ရောင်းခဲ့သည်မှာ လေးလ တိတိ ရှိခဲ့ပြီ။ အသစ်တစ်ကား ဆွဲဖို့အတွက် စိတ်ကူးကလည်း မရသေး။ စိတ်ကူး အသစ်အဆန်းတစ်ခုလောက် ရလိုသောဆန္ဒသည် ပြင်းပြလျက် ရှိ၏။ လောလောဆယ်တော့ဖြင့် ကျွန်တော်သည် လုပ်ပြီးခဲ့သမျှအားလုံးကို ပင် မေ့ပျောက်သလို ဖြစ်နေသည်။ ကျွန်တော့်အနေဖြင့် ပန်းချီဆွဲခြင်း ဟူ သော အလုပ်ထဲတွင် ကျွန်တော့်ဘဝကို လုံးဝ မြှုပ်နှံထားလိုက်ရမလား။

mgyoe.com

mgyoe.com


ကျွန်တော်သည် ထိုအလုပ်တွင် မွေ့လျော်ကာ တောရပ်ခိုမှီးသည့် ပုဂ္ဂိုလ်တစ်ဦးသဖွယ် အထီးကျန်ဘဝကို တည်ဆောက်သွားရမလား။

ဘယ်လမ်း လိုက်မှာလဲ၊ ဘာကြောင့်လဲ ဟူသော အတွေးများသည် အလုပ်လုပ်နေသည့်အခါတွင် ကွယ်ပျောက်သွားတတ်သည်။ ခေါင်းထဲတွင် အတွေးတစ်ခုသာလျှင် ကျန်ရှိနေခဲ့သည်။ တစ်ခုတည်းသော ရည်မှန်းချက်ကို ပြည့်ဝစေခြင်းသည် မိမိအား သာယာပျော်ရွှင်မှုကို ရရှိခံစားစေနိုင်သည် မဟုတ်ပါလား။ ပန်းချီသည် မိမိနေထိုင်ရာ ကမ္ဘာတစ်ခု ဖြစ်လာသည်။ ကျွန်တော့်အတွက် တာဝန်ခံရသည့် အလုပ်တစ်ခုလည်း ဖြစ်လာသည်။ ထိုအခါ မိရိုးဖလာ ဓလေ့ထုံးစံအရ သတ်မှတ်ထားသော စံနှုန်းများသည် ပျောက်ကွယ်ကုန်သည်။ မိမိ၏ ကမ္ဘာသစ်ထဲ၌ မိမိအတွက် ဆန်းသစ်သော အရာများကို မိမိဘာသာ မိမိ ဖန်တီးတီထွင်သည်။ မိမိ၏မှန်ကန်မှု၊ မိမိ၏ တန်ဖိုး၊ မိမိ၏ တန်ဖိုးကင်းမဲ့မှုနှင့် မိမိ၏ မမှန်ကန်မှု စသည်များကို မိမိ ဖန်တီး တီထွင်ထားသည့် အရာများထဲ၌ ပြန်လည် ခံစားရယူသည်။ မိမိ၏ ကိုယ်ပိုင်ဖြစ်သော ဘဝနှင့် ကင်းကွာနေသော မိမိ၏ ထူးဆန်းသည့် နည်းလမ်းဖြင့် ခံစားရယူခြင်း ဖြစ်လေသည်။

သို့သော်လည်း သင်သည် တစ်ချိန်လုံး ပန်းချီကို ဆွဲနေနိုင်သည် မဟုတ်ပါ။ ညနေပိုင်း နေဝင်ဖျိုးဖျ မှောင်စပျိုးလာသည့်အခါ အလုပ်ကို ရပ်လိုက်ရသည်။ ထိုအခါ သင်သည် ဘဝထဲသို့ ပြန်ရောက်လာသည်။ "ဘာကြောင့်လဲ" ဟူသော အမြဲတစေ တည်ရှိနေသည့် မေးခွန်းကို ထပ်မံကြားရပြန်သည်။ ထိုမေးခွန်းသည် သင့်အား အိပ်မပျော်အောင် ပြုလုပ်ထားသည်။ သင့်အား အိပ်ရာထဲ၌ တလူးလူးတလိမ့်လိမ့် ဖြစ်နေအောင် လုပ်ထားသည်။ သင့်ရှေ့တည့်တည့် အမှောင်ထုထဲမှ တစ်နေရာရာ၌ အဖြေကို ရေးထားသည့်နှယ် စူးစိုက်ကြည့်နေသည်။

ထို့နောက် မိုးလင်းခါနီးတွင် သင် အိပ်ပျော်သွားမည်။ အခြားသော အိမ်မက်ကမ္ဘာတွင်း၌ လန့်နိုးလာလိမ့်မည်။ ထိုကမ္ဘာထဲတွင် သင့်စိတ်ထဲမှ လာသော ရုပ်ပုံလွှာများဖြင့် တည်ဆောက်ထားသည့် လူများဖြင့် ပြည့်နေလိမ့်မည်။ ထိုအရာအားလုံး၏ ပုံသဏ္ဌာန်များသည် သင်ရှေ့ရှိ ကင်းဗတ်ပေါ်၌ ထင်ဟပ်လာလိမ့်မည်။

mgyoe.com

mgyoe.com


"ဟေ့ လူ ရာဘိနင်၊ ဘာပြုလို့ ဆက်မဆွဲတာလဲ"
ဟု ကျွန်တော့်ဘေးမှ လူက ကျယ်လောင်သောအသံဖြင့် လှမ်းမေးသည်။

ကျွန်တော်သည် အတွေးနယ်ချဲ့နေရာမှ ဖျတ်ခနဲ သတိပြန်ဝင်လာသည်။ ဆေးစပ်ပျဉ်ပြားကိုင်ထားသော ကျွန်တော့်လက်သည် ဘေးသို့ တွဲလောင်းကျလျက် ရှိသည်။ ကျွန်တော့် ဖရောကုတ်အင်္ကျီအနားကို ဆေးများပေကျံလျက်ရှိပြီး စုတ်တံများသည် ကြမ်းပေါ်၌ ပြန့်ကြဲနေကြသည်။ ကျွန်တော်သည် ကင်းဗတ်ထက်မှ ပုံကြမ်းကို လှမ်းကြည့်သည်။ ပုံကြမ်းမှာ ပြီးနေပြီ။ လက်ရာသေသေသပ်သပ်နှင့် ပြီးစီးနေခြင်း ဖြစ်သည်။ ကိုယ်ဟန်ပြသမားကြီး တာရပ်စ်သည် ကင်းဗတ်ထဲ၌ ရပ်နေသည်။ အသက်ဝင်လှပါဘိခြင်း။

"ကျွန်တော် ပြီးနေပြီ" ဟု ကျွန်တော်က အဖြေပေးပါသည်။

သင်တန်းသည် ပြီးဆုံးသွားပြီ။ ကိုယ်ဟန်ပြသူသည် စင်ပေါ်မှ ဆင်းကာ အဝတ်အစား ဝတ်ဆင်နေပြီ။ ကျောင်းသားအားလုံးသည် သူတို့ပစ္စည်းများကို ဆူညံစွာ သိမ်းဆည်းနေကြသည်။ စကားပြောသံများကိုလည်း ကြားနေရသည်။ ကျောင်းသားများသည် ကျွန်တော့်ထံရောက်လာပြီး ကျွန်တော့် ပုံကြမ်းကို ကြည့်၍ ချီးကျူးနေကြသည်။

"သိပ် ကောင်းတာပဲ။ အကောင်းဆုံးပုံကြမ်းပဲ" ဟု တချို့က ပြောကြသည်။ ကျန်လူစုကတော့ နှုတ်ဆိတ်နေကြသည်။ ပန်းချီပညာရှင်များသည် တစ်ဦးနှင့်တစ်ဦး ချီးကျူးခြင်းကို မကြိုက်ကြပါ။

* * *

mgyoe.com

mgyoe.com

၃

## ဒီဒေါ်

ကျွန်တော့်အနေနဲ့ ကျွန်တော့်အတန်းသားတွေရဲ့ လေးစားမှုကို ရယူနိုင်တယ်လို့ ယုံကြည်တယ်။ ဒါဟာ ကျွန်တော့်ရဲ့ ရင့်ကျက်တည်ငြိမ်မှု ရှိစေတဲ့ အသက်အရွယ်နဲ့ ဆက်စပ်ပတ်သက်နေတယ်လို့ ထင်တယ်။ ပန်းချီ၊ ပန်းပု အနုပညာသင် အကယ်ဒမီကျောင်းမှာ ကျွန်တော့်ထက် အသက်ကြီးတဲ့ လူဆိုလို့ တစ်ယောက်ပဲ ရှိတယ်။ သူကတော့ ဗောလ်စတီးပါ။

မှန်ပါတယ်။ ပန်းချီပညာက ဆွဲဆောင်မှုဆိုတဲ့ စွမ်းအားကို ပိုင်ဆိုင်ပါတယ်။ ဒါဟာ အံ့သြစရာကောင်းတဲ့ စွမ်းအားတစ်ခုပါ။ ဗောလ်စတီးဟာ အငြိမ်းစား အရာရှိတစ်ယောက်ပါ။ အသက်လေးဆယ့်ငါးနှစ်လောက် ရှိနေပါပြီ။ တစ်ခေါင်းလုံး ဆံပင်တွေ ဖြူဖွေးနေပါပြီ။ ဒီအသက်အရွယ် ရောက်ခါမှ ပန်းချီ၊ ပန်းပုပညာသင် အကယ်ဒမီကျောင်းကိုဝင်ပြီး သင်ကြားမှုပြုတယ်ဆိုတာဟာ သူ့ရဲ့ကောင်းဆန်းတဲ့ အပြုအမူလို့ မပြောနိုင်ဘူးလား။

သူဟာ အလုပ်ကို သိပ် အားထုတ်ကြိုးစားပြီး လုပ်ပါတယ်။ နွေရာသီမှာဆိုရင် မိုးရွာရွာ နေပူပူ အလွန်ပြင်းပြထက်သန်တဲ့ စိတ်နဲ့ ပန်းချီကို ဆွဲနေပါတယ်။ ဆောင်းရာသီဆိုရင်လည်း အလင်းရောင်ဝင်လာတာနဲ့ တစ်ပြိုင်နက် ပန်းချီကို ဆွဲတာပဲ။ ညနေခင်း မိုးချုပ်လာရင်လည်း ဆွဲတာပဲ။ သဘာဝအရ သူ့ကို ထူးခြားတဲ့ အထုံပါရမီ မပေးထားပေမဲ့ သူ့ရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် နှစ်နှစ်အတွင်းမှာ သူဟာ သိပ်ကို တိုးတက်လာတာ တွေ့ရပါတယ်။

mgyoe.com

mgyoe.com


ရာဘီနင်ကျတော့ တစ်မျိုး တစ်ဘာသာပါ။ ကြောက်စရာကောင်းလောက်အောင်ကို ပါရမီရှိနေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဒီလူက ကြောက်စရာကောင်းလောက်အောင် အပျင်းထူတဲ့ လူပဲ။ လူငယ် ပန်းချီ ပညာသင်ကျောင်းသားတွေက သူ့ကို ဘယ်လောက်ပဲ ချီးမွမ်းချီးမွမ်း သူဟာ ထူးခြားပြောင်မြောက်တဲ့ ပန်းချီဆရာကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ် လို့ ကျွန်တော် မထင်ဘူး။ ကျွန်တော် နားမလည်နိုင်တာ တစ်ခုတော့ ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ အကြောင်းအရာ ရွေးချယ်မှုတွေပဲ။

သူဟာ လယ်သမားတွေရဲ့ ရှူးဖိနပ်တွေ၊ ခြေပတ်တွေနဲ့ သိုးရေကုတ်အင်္ကျီတွေကို ရေးဆွဲလေ့ ရှိပါတယ်။ သူ ဆွဲထားတာက အဲဒီဟာတွေကို ကျွန်တော်တို့အနေနဲ့ တကယ့်လက်တွေ့ဘဝထဲမှာ မမြင်ဘူး၊ မတွေ့ဘူးခဲ့ သလို ဆွဲထားတာပါ။ ပိုပြီး အံ့သြစရာကောင်းတာက သူဟာ အလုပ်ကို ကြိုးစားအားထုတ်ပြီးလုပ်တာ မတွေ့ရတဲ့ ကိစ္စပဲ။ တစ်ခါတလေ သူဟာ ထိုင်နေရင်းက တစ်လအတွင်းမှာ ပန်းချီကားတစ်ကား ပြီးသွားပါတယ်။ သူ ပြီးသွားတဲ့ကားကို ကြည့်ပြီး လူတိုင်းက အံ့ဖွယ်တစ်ပါးလို ပြောဆိုနေ ကြတာ ကြားရပါတယ်။

တစ်ချိန်တည်းမှာပဲ သူရေးဆွဲထားတဲ့ နည်းပညာဟာ နည်းယူထိုက်တဲ့ အရာတစ်ခုလို့ ဆိုနေကြပါတယ်။ ကျွန်တော့်အမြင်မှာတော့ သူ သုံးသွားတဲ့ နည်းပညာဟာ အလွန်ကို ညံ့ပါတယ်။ အဲဒီနောက်မှာတော့ သူဟာ ပန်းချီတစ်ကားမှ မဆွဲတော့ပြန်ဘူး။ ပုံကြမ်းလေးတောင်မှ မဆွဲတော့ဘူး။ မှုန်တေတေ မျက်နှာထားနဲ့ ဟိုသွားဒီသွား လုပ်နေလေ့ရှိတယ်။ ဘယ်သူနဲ့မှလည်း စကားမပြောတော့ဘူး။ အတော့်ကို ထူးဆန်းတဲ့ လူငယ်တစ်ယောက်ပါ။ ပန်းချီပညာမှာ အပြည့်အဝ ကျေနပ်သာယာမှုကို ရှာဖွေလို့မရနိုင်တဲ့ ဒီလူစားမျိုးတွေဟာ ကျွန်တော့်အဖို့တော့ အံ့အားသင့်စရာ လူတွေပါ။ သူတို့ဟာ ဖန်တီးထားတဲ့ အလုပ်ထက်ပိုပြီး မြင့်မြတ်ကောင်းမွန်တဲ့ အလုပ်ဟာ မရှိဘူးဆိုတဲ့ အချက်ကို သူတို့ နားမလည်နိုင်ကြပါဘူး။

မနေ့က ကျွန်တော့်ပန်းချီကားကို အပြီးသတ်ခဲ့တယ်။ ပြခန်းမှာ တင်ခဲ့တယ်။ ဒီနေ့မှာ လူတွေက အဲဒီကားရဲ့ ရောင်းဈေးကို မေးကြတယ်။ ကျွန်တော့်အနေနဲ့ ရူဘယ်ငွေ ၃၀၀ ထက်လျှော့ပြီး မရောင်းနိုင်ဘူး။ အဲဒီ တော့ ရူဘယ်ငွေ ၂၅၀ ပေးတဲ့လူ ရှိလာတယ်။ အခုလို သတ်သတ်မှတ်မှတ်

mgyoe.com

mgyoe.com


ဈေးပေးလာရင် အဲဒီဈေးထက် လျော့သွားလိမ့်မယ်လို့ မသတ်မှတ်နိုင်တော့ဘူး။ ဒါဆိုရင် လူတွေက ပန်းချီဆရာအပေါ် လေးစားလာကြပြီလို့သာ မှတ်ပေတော့။

ပန်းချီကားကို တကယ်ရောင်းတော့မယ်ဆိုရင်တော့ ဈေးဟာ နည်းနည်းကျလာတတ်တဲ့ သဘောရှိပါတယ်။ ဆွဲထားတဲ့ အကြောင်းအရာက လူအများကြိုက်တတ်တဲ့ အမျိုးအစားပါ။ ဆောင်းရာသီ နေဝင်ချိန်ပေါ့။ ကြည်လင်တောက်ပနေတဲ့ ကောင်းကင်ပြင်ကို နောက်ခံပြုနေကြတာပါ။ ဒီလို ပန်းချီကားမျိုးတွေကို ကေ ရေးဆွဲခဲ့ပါတယ်။ သူ ဘယ်လောက်အထိ ဈေးရခဲ့သလဲ။ သူဟာ ဆောင်းရာသီ ပန်းချီတစ်ကားအတွက် ရူဘယ်ငွေ နှစ်သောင်းအထိ ရခဲ့တယ်လို့ သိရပါတယ်။

အဲသလောက်ရတာဆိုရင် ဘယ်ဆိုးမလဲ။ အတော်ကိုများတဲ့ ဈေးပါ။ တချို့ပန်းချီဆရာတွေ အလွန် ဆင်းဆင်းရဲရဲ နေရတယ်ဆိုတာကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်ရပါတယ်။ ဥပမာ – ပန်းချီဆရာ ကေကိုပဲ ကြည့်ပါ။ သူ ဆွဲခဲ့တဲ့ ပန်းချီကားမှန်သမျှ အားလုံးအလဟဿ မဖြစ်ပါဘူး။ ကားတိုင်း ရောင်းရပါတယ်။ ခင်ဗျားတို့အနေနဲ့ အရာရာတိုင်းကို လက်တွေ့ဆင်ခြင်တတ်တဲ့ ဉာဏ်နဲ့ ကြည့်တတ်ဖို့ပဲ လိုအပ်ပါတယ်။ ခင်ဗျားအနေနဲ့ ပန်းချီတစ်ကားကို ဆွဲနေရင် ခင်ဗျားဟာ ပန်းချီဆရာတစ်ယောက်ပဲ။ ပန်းချီကားကို ဆွဲပြီးသွားရင်တော့ ခင်ဗျားဟာ အရောင်းသမားတစ်ယောက် ဖြစ်သွားပြီ။ ခင်ဗျားအနေနဲ့ အရောင်းအဝယ်ကို လိမ္မာပါးနပ်စွာ ကိုင်တွယ်နိုင်လေ ကောင်းလေပဲ။ လူတွေဟာ ကျွန်တော်တို့ ပန်းချီဆရာတွေကို လိမ်တတ်၊ ညာတတ်၊ လှည့်ဖြားတတ်ကြတယ် မဟုတ်လား။

* * *

mgyoe.com

mgyoe.com

၄

## ရာဘီနှင်

ကျွန်တော်သည် ဆရက်နီမာစဖက်ရပ်ကွက် ဆယ့်ငါးလမ်း၌ နေထိုင်သည်။ တစ်နေ့လျှင် လေးကြိမ်မျှ နိုင်ငံခြားသင်္ဘောများဆိုက်ရောက်ရာ သင်္ဘောဆိပ်တာရိုးပေါ်သို့ လမ်းလျှောက်ထွက်လေ့ရှိသည်။ ကျွန်တော် ဤနေရာကို မြတ်နိုးနေခြင်းသည် ယင်းနေရာ၌ လူမျိုးစုံ နေထိုင်ခြင်း၊ သောသောရုတ်ရုတ်၊ ဆူဆူညံညံ အသံဗလံများ ကြားနေရခြင်းနှင့် ကျွန်တော့်အတွက် လိုအပ်သော ပစ္စည်းများကို အလွယ်တကူ ဈေးပေါပေါနှင့် ရရှိနေခြင်း စသည်တို့ကြောင့် ဖြစ်သည်။

ဤအပိုင်းတွင် ကျွန်တော်သည် အိတ်များကိုထမ်း၍ သယ်ယူပို့ဆောင်ပေးကြသည့် ကုန်တင်၊ ကုန်ချ အလုပ်သမားများ၊ ကုန်ပစ္စည်းများကို အတင်အချ လုပ်နေသည့် ဝန်ချီဝန်တင် စက်များနှင့် ကုန်ပစ္စည်းတင်၍ သွားလာလှုပ်ရှားနေကြသည့် ထရပ်ကားကြီးများကို ကြည့်နိုင်၊ မြင်နိုင်နေခြင်းမှာလည်း ကျွန်တော့်အတွက် အကျိုးရှိသည်။ ကျွန်တော်သည် အလုပ်သမားတို့နှင့် ဆက်စပ်ပတ်သက်နေသည်များကို ပန်းချီဆွဲနေနိုင်သည် မဟုတ်ပါလား။

ကျွန်တော်သည် ရှုခင်းပန်းချီသမား ဒီဒေါ့နှင့်အတူ အိမ်ဘက်သို့ ပြန်လာခဲ့သည်။ ဒီဒေါ့သည် သနားကြင်နာစိတ်ရှိသူ ဖြစ်သည်။ သူသည် သူ မြတ်နိုးသော ရှုခင်းများကဲ့သို့ပင် ရိုးသားဖြူစင်သူ ဖြစ်၏။ သူသည်

mgyoe.com

mgyoe.com


ပန်းချီပညာကို အလွန် ချစ်မြတ်နိုးသူ ဖြစ်သည်။ ဘာတွေဖြစ်ဖြစ် သူ့အလုပ်အပေါ်တွင် သံသယမရှိ။ သူမြင်သမျှကို ရေးဆွဲလေ့ရှိသည်။ အကယ်၍ သူသည် မြစ်တစ်ခုကိုမြင်လျှင် ထိုမြစ်ကို ပန်းချီဆွဲသည်။ အကယ်၍ မြက်ပင်များကို ဖုံးလွှမ်းနေသည့် လဟာပြင်ကို မြင်သည်ဆိုပါစို့။ သူသည် လဟာပြင်ကိုပင် ပန်းချီဆွဲသည်။

ဘာကြောင့် မြစ်နှင့် လဟာပြင်ကို သူ ပန်းချီဆွဲချင်နေရပါသနည်း။ သူ ဘယ်တော့မှ စဉ်းစားခြင်းမပြု။ ကျွန်တော့်အထင် ပြောရမည်ဆိုပါက သူသည် ပညာတတ်တစ်ယောက် ဖြစ်ဟန် တူပါသည်။ သူသည် ဘွဲ့ရအင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ သူသည် ပစ္စည်းအတော်များများကို တစ်ဦးတစ်ယောက်ထံမှ အမွေရလိုက်သဖြင့် သူ့အင်ဂျင်နီယာအလုပ်မှ ထွက်ကာ အခုလို ဘာအလုပ်မှမလုပ်ဘဲ ပန်းချီဆွဲနေခြင်း ဖြစ်သည်။

ယခုအခါတွင် သူသည် ပန်းချီဆွဲခြင်းမှတစ်ပါး အခြားဘာအလုပ်မျှ မလုပ်တော့ပါ။ နွေဦးရာသီရောက်လျှင် သူသည် မိုးလင်းမှ မိုးချုပ်သည်အထိ လက်ကွက်တစ်ခု (သို့မဟုတ်) တောအုပ်အတွင်း၌ထိုင်ကာ တစ်နေ့လုံး ပန်းချီဆွဲနေတတ်သည်။ ဆောင်းရာသီတွင် နေဝင်ချိန်များ၊ နေထွက်ချိန်များ၊ မှုန်းတည့်ချိန်များ၏ ရှုခင်းများကို မမောနိုင်၊ မပမ်းနိုင် ပန်းချီဆွဲနေလေ့ရှိ၏။ မိုးဦးချိန်နှင့် မိုးရာသီ ကုန်ဆုံးချိန်များတွင်လည်း သူ့အတွက် ပန်းချီဆွဲစရာ ရှုခင်းများကတော့ ရှိမြဲတိုင်း ရှိနေသည်။ သူ့အဖို့ကတော့ ရာသီမရွေး၊ အချိန်မရွေး ပန်းချီဆွဲနေရလျှင် ကျေနပ်အားရနေသည့် သဘောရှိသည်။

သူသည် သူ၏ အင်ဂျင်နီယာ အတတ်ပညာကို မေ့လျော့သွားပြီဖြစ်၏။ ဤအတွက် သူသည် ဝမ်းနည်းခြင်းမဖြစ်။ သို့သော်လည်း သူနှင့်ကျွန်တော် သင်္ဘောဆိပ်တစ်ဝိုက်မှ ဆိပ်ခံတံတားများ၊ သံမဏိပိုက်လုံးကြီးများ၊ ဘွိုင်လာကြီးများ၊ စက်ကိရိယာများကိုကြည့်၍ ဘယ်ပစ္စည်း ဘယ်လိုသုံးရသည် စသည်များကို ကျွန်တော့်အား ရှင်းပြနေတတ်သည်။

တစ်ညနေခင်းတွင် သူနှင့် ကျွန်တော်သည် သင်္ဘောဆိပ်သို့ ရောက်သွားကြသည်။ သူသည် သင်္ဘောပေါ်မှ ချထားသော ဘွိုင်လာအိုးကြီးကို သူ့လက်ထဲမှ တုတ်ဖြင့် တဒေါက်ဒေါက်ခေါက်၍ "ဒီမှာ တွေ့လား" ဟု ပြောသည်။

"သူတို့သင်္ဘောပေါ်က ချထားတဲ့ ပစ္စည်းလေ"

mgyoe.com

"ဘာလဲ ဒီပစ္စည်းမျိုးတွေကို ပြည်တွင်းမှာ မလုပ်နိုင်ဘူးလို့ ပြောမလို့လား" ဟု ကျွန်တော်က မေးသည်။

"ဒီပစ္စည်းတွေကို ဒီမှာလည်း လုပ်ကြပါတယ်။ ဒါပေမဲ့ အလုံအလောက် မလုပ်နိုင်ကြဘူး။ သယ်လာလိုက်တာ အများကြီးပဲ။ လုပ်ထားတဲ့ လက်ရာတွေက လုံးဝ မသေသပ်ဘူး။ တော်တော့်ကို ညံ့တာပဲ။ အားလုံးကို ပြန်ပြင်ပြီးမှ သုံးလို့ရမှာ။ ဒီအောက်ဘက်က ဆက်ရာတွေကိုပဲ ခင်ဗျားကြည့်။ လုပ်ထားတာ အရမ်းညံ့တာပဲ။ ဟောဒီမှာ မြင်လား၊ စို့တွေ ရိုက်ထားတာ အားလုံးချောင်နေတယ်။ လုပ်ထားပုံ တော်တော်ဆိုးတာပဲ"

"လူတစ်ယောက်က ဘွိုင်လာထဲ လေးဘက်ထောက်ပြီး ဝင်သွားမယ်။ စို့ကို သံညှပ်နဲ့ညှပ်ပြီး ကိုင်ပေးထားမယ်။ အားနဲ့အင်နဲ့ တအားဖိပြီး ကိုင်ပေးထားတာမျိုးပေါ့။ အပြင်ဘက်က အလုပ်သမားက စို့ကို တူနဲ့ တအားကုန် ရိုက်သွင်းပေးမယ်။ သူတို့လုပ်ပုံက အဲသည်လိုမျိုးဗျ။ အမှန်တော့ အထဲကလူဟာ စို့ကို တအားကုန်ထုနိုင်အောင် ရင်ဘတ်နဲ့ အားယူပြီး အသားကုန် တွန်းပေးထားရတာ"

သူက ပြုတ်နေသော စို့များကိုပြ၍ လုပ်နည်းလုပ်ဟန်များကိုပါ လုပ်ပြပြီး ရှင်းပြနေခြင်း ဖြစ်သည်။

"ဒီလိုဆိုရင် အတွင်းကလူရဲ့ ရင်ဘတ်ကို တူနဲ့ ထုနေသလို မဖြစ်ဘူးလား" ဟု ကျွန်တော်က ကြားဖြတ်၍ မေးသည်။။

"ဖြစ်တာပေါ့ဗျာ၊ ကျွန်တော်တောင် ကိုယ်တိုင် ဘွိုင်လာထဲဝင်ပြီး စို့ကို ရင်ဘတ်နဲ့အားစိုက်ပြီး တွန်းထားပေးဖူးတယ်။ စို့လေးချောင်း ရိုက်ပြီးလို့ ဘွိုင်လာထဲက ပြန်ထွက်လာတဲ့အချိန်မှာ လူက အသက်ထွက်မလားအောက်မေ့ရတယ်။ ကျွန်တော့်ရင်ဘတ်တစ်ခုလုံး အပွန်းအရှ၊ အညိုအမည်းတွေ စွဲနေလိုက်တာ ရစရာမရှိဘူး။ ဒါပေမဲ့ လုပ်နေကျ လူတွေကျတော့ ကျင့်သားက ရနေကြပြီ မဟုတ်လား။ ဒါပေမဲ့ ဒီအလုပ်ကိုလုပ်နေတဲ့ လူတွေဟာ အသက်မရှည်ဘူး။ တစ်နှစ်၊ နှစ်နှစ်လောက်ဆိုရင် ကြွတာပဲ။ တကယ်လို့ မသေဘူးဆိုရင်လည်း ဘာအလုပ်မှ လုပ်စားလို့ မရတော့ဘူး"

"ခင်ဗျားပဲ စဉ်းစားကြည့်လေ။ အပြင်ကနေပြီး အသားကုန် ထုနေတဲ့ တူရဲ့ဒဏ်ကို တစ်နေ့လုံး ခံထားရတဲ့ လူ့ရင်ဘတ်ဟာ ဘာတွေဖြစ်ကုန်မလဲ။ ဆောင်းတွင်းဆိုရင် ပိုဆိုးတယ်။ သံတွေက တအားအေးနေတာ ဘွိုင်လာ

mgyoe.com
mgyoe.com

mgyoe.com

ထဲက လူဟာ တစ်နေ့လုံး သံပေါင်ပေါ်မှာထိုင်လိုက်၊ လှဲလိုက်နေရတာ။ ခင်ဗျား မြင်တယ်မဟုတ်လား။ အဲဒီဘွိုင်လာကြီးကိုကြည့်၊ ဟိုဘက်က ကျဉ်းကျဉ်း ဘွိုင်လာကိုပြောတာ။ ခင်ဗျားပဲ အဲဒီလူရဲ့နေရာမှာ ဝင်ကြည့်။ အေးအေး၊ ပူပူ အထဲမှာ တစ်နေ့လုံးထိုင်နေနိုင်မလား။ တစ်နေ့လုံး ပက်လက်လှန်နေရတဲ့ အခါဆိုရင် ပိုပြီး မဆိုးပေဘူးလား။ လူပန်းပဲပေတွေ လုပ်ရတာဟာ သိပ်ကို ကြောက်စရာကောင်းတဲ့ အလုပ်တစ်ခုပါဗျာ"

"လူပန်းပဲပေ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ သူတို့ အလုပ်သမားချင်းခေါ်တဲ့ နာမည်ပဲ။ ဒီလူတွေဟာ မကြာမကြာ နားလေးကုန်တာ တွေ့ရတယ်။ သူတို့ခမျာ လုပ်ခကျတော့လည်း များများစားစား ရကြတာ မဟုတ်ဘူး။ ဘာပြုလို့လဲဆိုတော့ သူတို့လုပ်ရတဲ့အလုပ်က ကျွမ်းကျင်မှုမလိုလို့တဲ့။ ပညာလည်း မပါဘူးလေ။ ကိုယ်ခန္ဓာအားကိုပဲ ရင်းနှီးရတာကိုး"

"ခင်ဗျား အဲဒီအလုပ်ရုံတွေကိုရောက်ရင် သိပ် အံ့သြမှာပဲ ရာဘင်နီ။ အဲဒီက အလုပ်သမားတွေကိုသာ မြင်ရရင် ခင်ဗျား စိတ်ထိခိုက်မှာ သေချာတယ်။ ကျွန်တော် သူတို့နဲ့တွဲပြီး အလုပ်ဆက်မလုပ်ရတာ ကံကောင်းတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဒုက္ခပင်လယ်ဝေနေသူတွေနဲ့ ပြည့်နေလေတော့ ဘဝဆိုတာ ဒုက္ခဆင်းရဲကြီးတစ်ခုပါလားလို့ တွေးမိခဲ့တယ်။ သဘာဝတရားနဲ့ ဆက်ဆံပြီး အလုပ်လုပ်ရတယ်ဆိုတာက အများကြီးကို ခြားနားတယ်။ သူကလည်း ကိုယ့်ကို အန္တရာယ်မပြုဘူး။ အခု ကျွန်တော်တို့ ပန်းချီဆရာတွေက သဘာဝကို ကိုယ့်ကိုယ်ကျိုးအတွက် အသုံးပြုနေတယ်ဆိုတာကလည်း သူ့ကို အန္တရာယ်ဖြစ်စေတာ မပါဘူး။ ဟိုးအဝေးက မိုးခိုးရောင်ကို ကြည့်ပါလား"

ဒီဒေါ့က စကားကိုဖြတ်၍ ကောင်းကင်ပြင်မှ တိမ်လိပ်ကို လက်ညှိုးထိုးပြသည်။ "မြင်လား၊ အဲဒီတိမ်လိပ်ကလေးရဲ့ အောက်ကိုကြည့်၊ ဘယ်လောက် ချစ်စရာကောင်းသလဲ။ အရောင်က ခပ်စိမ်းစိမ်းကလေးရယ်၊ တကယ်လို့ ခင်ဗျား သူ့အရောင်ကို အတိအကျရအောင် ဆွဲယူနိုင်မယ်ဆိုရင် အဲဒီလက်ရာကို ဘယ်သူကမှ ယုံကြည်မှာ မဟုတ်ဘူး။ ကျွန်တော်ပြောတာ ခင်ဗျား ဘယ်လိုထင်သလဲ"

mgyoe.com

mgyoe.com


ကျွန်တော့်အနေဖြင့် သူ လက်ညှိုးထိုးပြသော နေရာမှ မြင်ကွင်းကို လှမ်းကြည့်သည်။ ကျွန်တော့်အမြင်တွင် "အလှ"ကို မမြင်ပါ။ သို့သော်လည်း ကျွန်တော်က သူ့စကားကို လက်ခံလိုက်ပါသည်။ ဒီဒေါ်ကတော့ သူတွေ့ မြင်နေရသော အလှတွင် နှစ်မျောနေရာမှ နောက်ထပ်အလှကို တွေ့လိုတွေ့ ငြား ထပ်မံရှာဖေလျက် ရှိသည်။

"ခင်ဗျားပြောတဲ့ လူ့ပန်းပဲပေ တစ်ဦးလောက်ကို ဘယ်မှာ သွားရှာ ရင် တွေ့နိုင်မလဲ။ ကျွန်တော့်ကို ပြောပြပါလား"

"အလုပ်ရုံကို သွားကြတာပေါ့။ ဟိုမှာ ခင်ဗျား မြင်ချင်တဲ့ဟာကို ကျွန်တော် လိုက်ပြမယ်။ ခင်ဗျား သွားချင်တယ်ဆိုရင် မနက်ဖြန် သွားကြ တာပေါ့။ လူ့ပန်းပဲပေကို ခင်ဗျား ပန်းချီဆွဲဖို့တော့ စိတ်မကူးဘူး မဟုတ် လား။ ခင်ဗျား ဆွဲချင်လောက်အောင်တော့ တန်ဖိုးမရှိပါဘူး။ သူ့ထက် ကောင်းတဲ့ဟာကို ရှာလို့မရနိုင်တာမှ မဟုတ်ဘဲ။ အလုပ်ရုံကတော့ သွားချင် ရင် အချိန်မရွေး သွားလို့ရပါတယ်။ ခင်ဗျား သွားချင်ရင် မနက်ဖြန် သွားလို့ရတယ်လေ"

ကျွန်တော်တို့သည် ထိုနေ့မှာပင် အလုပ်ရုံသို့ သွား၍ ကြည့်ကြသည်။ လူ့ပန်းပဲပေကိုပါ မြင်ခဲ့ရ၏။ သူသည် ဘွိုင်လာအတွင်းသို့ လေးဖက်ထောက် ဝင်သည်။ ကျွန်တော် သူ့ကို နာရီဝက်ခန့် စေ့စေ့စပ်စပ်ကြည့်သည်။ ထို နာရီဝက်အတွင်း တူကြီးသည် အပေါ်မြောက်သွားလိုက်၊ ပြန်ကျလာလိုက် နှင့် အနည်းဆုံး အကြိမ်တစ်ရာထက် နည်းမည်မထင်ပါ။ တူတစ်ချက် ထု လိုက်တိုင်း လူ့ပန်းပဲပေသည် တွန့်ခနဲ၊ လွန့်ခနဲ ဖြစ်သွားလျက်ရှိ၏။ ကျွန်တော် သူ့ပုံကို ပန်းချီဆွဲမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

* * *

mgyoe.com

mgyoe.com

၅

**ဒီဒေါ့**

ရာဘီနင်ဟာ အဲသလို မိုက်မဲတဲ့စိတ်ကူးမျိုးကို သူ့ခေါင်းက လက်ခံတယ်။ ကျွန်တော်ဖြင့် ဘယ်လိုတွေးရမှန်းတောင် မသိပါဘူးဗျာ။ ဟိုတစ်နေ့က ကျွန်တော် သူ့ကို သတ္တုအလုပ်ရုံတစ်ရုံကို ခေါ်သွားတယ်။ ဟိုရောက်တော့ အလုပ်ရုံထဲက အလုပ်တွေကို ကျွန်တော်လိုက်ပြတယ်။ တစ်နေကုန်ပဲ ဆိုပါတော့။ အလုပ်ခွင်က လုပ်ငန်းတစ်ခုချင်းစီကိုလည်း အသေအချာ ရှင်းပြပါတယ်။ နောက်ဆုံးမှာ ကျွန်တော်ဟာ သူ့ကို ဘွိုင်လာဌာနဘက် ခေါ်သွားတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဌာနထဲမှာ ဘွိုင်လာကြီးတစ်ခုကို ကိုင်နေကြတာနဲ့ ကြုံရတယ်။ ရာဘီနင်ဟာ ဘွိုင်လာကြီးထဲကို ဝင်သွားပြီး စို့တွေကိုင်ပေးနေတဲ့ အလုပ်သမားကို နာရီဝက်လောက် ထိုင်ကြည့်နေပါတယ်။ သူ ပြန်ထွက်လာတော့ မျက်စိပျက်၊ မျက်နှာပျက်ပဲ။ မျက်နှာကလည်း ဖြူရော်ရော် ဖြစ်နေတယ်။ ကျွန်တော်တို့ပြန်လာတော့ တစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောဘူး။

အဲဒီနေ့ကျတော့ သူက လူပန်းပဲပေတစ်ခုကို သူ ပန်းချီဆွဲနေပြီလို့ ပြောတယ်။ ဘယ်လိုစိတ်ကူးပါလိမ့်။ ရွှံ့ဗွက်တွေကြားမှာ ကဗျာ သွားရှာနေတာလား။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ စိတ်ထဲရှိတာကို လွတ်လပ်စွာ ပြောရပါတယ်။ အရင်က မပြောခဲ့ဘူးတဲ့ စကားတွေ ဖြစ်ပေမဲ့ လူအများ

mgyoe.com

mgyoe.com


ရှေ့မှာတောင် ပြောဖို့ဝန်မလေးပါဘူး။ အမှန်က ဒီရုရှားလယ်သမားတွေရဲ့ ပုံတွေကို ပန်းချီဆွဲနေတာဟာ စိတ်ပျက်စရာပါ။ အင်မတန် အရုပ်ဆိုးအကျည်းတန်တဲ့ ကိစ္စကြီးတစ်ခုပါ။ အဲသလို မကောင်းတဲ့ပုံတွေကို ဘယ်သူတွေက ကြည့်ချင်ကြမှာလဲဗျာ။

ရီပင်ရဲ့ "ဗော်လ်ဂါလှေသမားများ" ဆိုတဲ့ ပန်းချီကားကို သတိရမိတယ်။ သိပ်ကို လက်ရာကောင်းတဲ့ ပန်းချီကားတွေဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမဲ့ အဲဒီပန်းချီကားတွေထဲမှာ ဘာအနှစ်သာရတွေ ရှိလို့လဲ။ အဲဒီကားတွေထဲမှာ ရှာကြည့်စမ်းပါ။ ဘယ်နေရာမှာ အလှရှိလို့လဲ။ သဟဇာတဖြစ်မှုနဲ့ နူးညံ့သိမ်မွေ့မှုဆိုတာတွေကော ဘယ်မှာလဲ။ ရှာလို့ကို မတွေ့ဘူး။ သဘာဝတရားထဲက အလှကို ပြန်လည်ဖော်ထုတ်ပြသမှုဆိုတာ ဟုတ်သေးရဲ့လား။

အခုဆိုရင် ကျွန်တော့်ကိုကြည့်။ လွန်ခဲ့တဲ့ တစ်ရက်၊ နှစ်ရက်လောက်က စထားခဲ့တဲ့ ပန်းချီကားဟာ ပြီးတော့မယ်။ အလွန် တည်ငြိမ်အေးဆေးပြီး လှပသာယာတဲ့ ရှုခင်းပန်းချီကားပါ။ "မေလ နံနက်ခင်း" လို့ ကျွန်တော်နာမည်ပေးထားပါတယ်။ အခုဆို အဲဒီကားဟာ ပြီးခါနီးနေပြီ။ ကန်ထဲက ရေပြင်ထက်မှာ လှိုင်းဂယက်လေးတွေ ထနေတယ်။ ကိုင်းကျနေတဲ့ မိုးမခသစ်ပင်ကြီးတွေရဲ့ အကိုင်းတွေဟာ ရေပြင်ပေါ်ကို အုပ်မိုးနေကြတယ်။ အရှေ့ဘက် တစ်လွှားမှာတော့ မီးတောက်မီးလျှံတွေ ထနေသလိုပဲ။ ကောင်းကင်အရောင်ဟာ နီရဲနေတယ်။ ရေပုံး တစ်ပုံးဆွဲပြီး မတ်စောက်နေတဲ့ ကမ်းခြေအတိုင်း ရေခပ်ဖို့ဆင်းလာနေတဲ့ မိန်းမတစ်ယောက်နဲ့ သူမကြောင့် အလန့်တကြား ပြေးသွားနေကြတဲ့ ဘဲတစ်အုပ်။

ပါသမျှအားလုံးဟာ ဒါပဲ။ ကြည့်ရတာ ရိုးရိုးစင်းစင်းလေးပါပဲ။ ဒါပေမဲ့ ဒီပန်းချီကားထဲမှာ ကဗျာတစ်ပုဒ် ရှိနေတယ်လို့ ကျွန်တော့်ရင်ထဲမှာ ခံစားနေရတယ်။ အဲဒါဟာ ပန်းချီကားပါ။ လူတစ်ယောက်ရဲ့စိတ်ကို သိမ်မွေ့သွားစေပါတယ်။ နှလုံးသားကိုလည်း နူးညံ့သွားစေပါတယ်။ ဒါပေမဲ့ ရာဘီနင်ရဲ့ လူ့ပန်းပဲပေဟာ ဘယ်သူ့စိတ်ကိုမှ ထိထိခိုက်ခိုက် ရှိစေမှာမဟုတ်ပါဘူး။ လူတွေအနေနဲ့ သူ့ရဲ့ ပန်းချီကားအနားက အမြန်ဆုံးထွက်ခွာသွားကြမှာ သေချာသလောက်ပါ။ မြင်နေရတာက မလှမပ မဟုတ်

mgyoe.com

mgyoe.com


လား။ ဝတ်စားထားတာက စုတ်စုတ်ပြတ်ပြတ်နဲ့ ညစ်ပတ်ပေရေနေတယ်။ မျက်နှာထားကလည်း ကြမ်းတမ်း ခက်ထန်လွန်းလှပါတယ်။

ဥပမာပြရရင် တေးဂီတကို စဉ်းစားကြည့်ပါ။ ကြမ်းတမ်းတဲ့ အသံနဲ့ မယဉ်ကျေး၊ မသိမ်မွေ့တဲ့အသံ၊ သုတိသာယာ မဖြစ်စေတဲ့ အသံတွေကို ဂီတက လက်မခံပါဘူး။ ကျွန်တော်တို့ ပန်းချီမှာရော သူတို့လို မဖြစ်သင့်ဘူးလား။ အရုပ်ဆိုး၊ အကျည်းတန်တာတွေကို ဘာကြောင့် မပစ်ပယ်နိုင်ရမှာလဲ။ ဒီကိစ္စကို ကျွန်တော် အယ်လ်ကို ပြောမှဖြစ်မယ်။ သူက ဒါမှ ဆောင်းပါးရေးမှာ။ သူ့ဆောင်းပါးကြောင့် ရာဘီနင်ဟာ စိတ်အားထက်သန်နေရာကနေပြီး စိတ်ပျက်သွားမယ်။ အမှန်တော့ ဒါဟာ သူနဲ့ ထိုက်တန်တဲ့ဟာတစ်ခုပါ။

* * *

mgyoe.com

mgyoe.com

၆

## ရာဘီနင်

ကျွန်တော် အကယ်ဒမီကျောင်းသို့ မရောက်သည်မှာ သီတင်းနှစ်ပတ်လောက် ရှိသွားခဲ့ပြီ။ ထိုရက်များအတွင်း အိမ်မှာပင်ထိုင်၍ ပန်းချီကား ဆွဲနေသည်။ ဆွဲနေသည့်ကားသည် လက်ရာအနေဖြင့် ကောင်းသည်။ သို့သော်လည်း လုပ်နေရသည်မှာ ပင်ပန်းလှချေသည်။ နောက်တစ်ချက်မှာ ကျွန်တော် ဆွဲနေသော ကား ပြီးခါနီးလေလေ ကျွန်တော် ဆွဲနေသော အကြောင်းအရာပေါ်၌ ပို၍ ကြောက်သလိုလိုဖြစ်လေ ခံစားနေရသည်။ ထို့ပြင်လည်း ကားသည် ကျွန်တော့်အတွက် နောက်ဆုံးကား ဖြစ်လေမလားဟူသော ခံစားမှုကလည်း ဝင်နေသည်။

သူသည် ကျွန်တော့်ရှေ့၌ ထိုင်နေသည်။ မှောင်မည်းနေသော ဘွိုင်လာအိုးကြီးထဲ၌ ထိုင်နေခြင်းဖြစ်၏။ အဝတ်များမှာ စုတ်ပြဲနေသည်။ ဤလူ၏ပုံကို ဆွဲနေရသည်မှာ စိတ်ရောကိုယ်ပါ ပင်ပန်းလှပါသည်။ တကယ်တော့ သူ့ပုံပန်းသဏ္ဌာန်ကို အပီအပြင်မြင်ဖို့ မလွယ်ပါ။ စို့ပေါက်များမှ တိုးဝင်လာနေသော အလင်းရောင်ရှိနေ၍သာလျှင် သူ့အား ဝိုးတစ်ဝါး မြင်နေရခြင်းဖြစ်၏။ နေရောင်၏ အကွက်အပြောက်များသည် သူ့အဝတ်နှင့် မျက်နှာပေါ်၌ ထင်ဟပ်နေသည်။ စုတ်ပြတ်နေသော အဝတ်များပေါ်၌ ရွှေရောင် အစက်အပြောက်များသည် နေရာအနှံ့တွင် ယှက်သန်းလျက် ရှိသည်။ မျက်နှာမှ ချွေးများသည် ကြေးညှော်များနှင့် ရောစပ်ကာ သူ့လက်များ၊ မုတ်ဆိတ်မွေးနှင့် နာကျင်မှုဒဏ်ကို ခံနေရသော ရင်ဘတ်ပေါ်သို့ စီးဆင်းနေသည်။

mgyoe.com

mgyoe.com


ကြောက်မက်ဖွယ်ကောင်းသည့် ပြင်းထန်သော တူချက်များသည် ဘွိုင်လာထက်သို့ အဆက်မပြတ် ကျလာနေသည်။ ကံမကောင်း၊ အကြောင်းမလှရှာသည့် လူသည် အောက်မှနေ၍ တူ၏ဒဏ်ကို ခံယူနေရ၏။ သူ့မျက်နှာ၊ သူ့ခန္ဓာကိုယ်နှင့် သူ့အမူအရာတို့သည် သဘာဝမကျသော ကိုယ်နေဟန်ထားကြောင့် ပျက်ပြားချို့ယွင်းနေကြသည်။ ကိုယ်စိတ်နှစ်ပါးကို တအားကုန်ချုပ်တီးနေရရှာသော ထိုလူ၏ ခံစားမှုအမျိုးမျိုးသည် အားလုံးစုစည်းကာ မျက်နှာတွင်သာမက တစ်ကိုယ်လုံးပေါ်တွင် ပေါ်လွင်လျက်ရှိ၏။ ကျွန်တော်သည် ယင်းဖော်ပြချက်ကို မိမိရရဖမ်းမိအောင် ကြိုးစားအားထုတ်နေရလေသည်။

တစ်ခါတစ်ရံတွင် ကျွန်တော်သည် လက်ထဲမှ ဆေးစပ်ပျဉ်ပြားနှင့် စုတ်တံများကိုချကာ ပန်းချီကားနှင့် ဝေးနိုင်သမျှ ဝေးအောင်ခွာ၍ ပန်းချီကားကို အသေအချာ ကြည့်သည်။ ထိုအခါ ကိုယ်ဆွဲထားသည့် ပန်းချီကားပေါ်တွင် ကျေနပ်အားရမိသည်။ ကျွန်တော့်ဘဝတွင် ယခုအချိန်အထိ ဤမျှလောက် ထူးခြားကောင်းမွန်သည့် ပန်းချီကားမျိုးကို တစ်ကားမျှ မဆွဲဘူးခဲ့သေးဟု ထင်မြင်လာသည်။

သို့သော်လည်း ကျွန်တော့်တွင် ပြဿနာတစ်ခုက ရှိနေသည်။ ပန်းချီကားပေါ်၌ ထားရှိသော ကျေနပ်အားရမှုသည် ကျွန်တော့်စိတ်ကို သာယာမှုပေးရမည့်အစား ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကိုသာ ခံနေရ၏။ ဤပန်းချီကားသည် ဆေးဖြင့် ရေးဆွဲထားသော ကားတစ်ကားမဟုတ်။ ရင့်မှည့်နေသော ရောဂါတစ်ခု ဖြစ်နေသည်။ ဤကားသည် ဘယ်နေရာ၌ အဆုံးသတ်မည်ကို ကျွန်တော် မသိပါ။ သို့သော်လည်း ဤကား အပြီးသတ်သွားပါက ကျွန်တော်သည် နောက်ထပ် ပန်းချီဆွဲစရာ ဘာတစ်ခုမျှ ရှိတော့မည်မဟုတ်ဟု စိတ်ထဲတွင် ခံစားနေရသည်။

ငှက်ပစ်မုဆိုးများ၊ တံငါသည်များနှင့် မုဆိုးများ၏ ဟန်ပန်အမူအရာ မျက်နှာထားများကို ကျွန်တော် အမိအရ ဖမ်းယူခဲ့ဖူးသည်။ ယင်းအမျိုးအစားအားလုံးသည် စံပြုလောက်သည့် မျက်နှာများပင် ဖြစ်၏။ "အနှစ်သာရကြွယ်ဝသော အမျိုးအစားများ" ဟုပင် ပြောနိုင်သည်။ အခု ဒီကားကျတော့ ကျွန်တော့်အတွက် ဘယ်လိုအသုံးဝင်မှာလဲ။ "လူ့ပန်းပဲပေ" သည် ကျွန်တော့်အတွက် မည်သို့သော အကျိုးဖြစ်ထွန်းမှုကို ရရှိစေနိုင်ပါမည်နည်း။

mgyoe.com

mgyoe.com


ကျွန်တော်သည် လက်တွေ့စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ ဒီဒေါ် အား အိမ်သို့ဖိတ်၍ သူ့အား ကျွန်တော့်ကားကို ပြခဲ့သည်။ သူသည် လက်နှစ်ဖက်ကို ဖြန့်လိုက်ပြီး "အော် ဟုတ်ပြီ" ဟု ရေရွတ်လိုက်သည်။ ပြီးတော့ ကုလားထိုင်ပေါ်၌ ထိုင်ကာ ပန်းချီကားကို နာရီဝက်ခန့် ကြည့်သည်။ ထို့နောက် စကားတစ်ခွန်းမျှမပြောဘဲ ငြိမ်ဆိတ်စွာ ပြန်သွားသည်။ သူ သဘောကျသွားပြီဟု ကျွန်တော် ထင်သည်။ တကယ်တော့ သူသည် ပန်းချီဆရာတစ်ဦး ဖြစ်သည် မဟုတ်ပါလား။

ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်ပန်းချီကားရှေ့၌ ထိုင်၍ ကြည့်သည်။ အလွန် ကြိုက်နှစ်သက်မိပါသည်။ ကြည့်လိုက်မိလျှင် ပန်းချီကားဆီမှ မျက်လုံးများကို လွှဲဖယ်၍မရပါ။ ပန်းချီကားထဲမှ ရုပ်ပုံလွှာက ခံစားနေရသည့်အတိုင်း စိတ်ထဲ၌ ခံစားနေရသည်။ တစ်ခါတစ်ရံတွင် ပန်းချီကားကို ကြည့်နေခိုက် တူထုသံများကိုပင် ကြားနေသယောင် ရှိသည်။ ဤကားသည် ကျွန်တော့်အား ရူးသွားစေလိမ့်မည်လား။ ပန်းချီကားကို ဖုံးအုပ်ထားပါမှ ဖြစ်တော့မည်။

ပန်းချီကားတင်သည့် သုံးချောင်းထောက်ခုံကို အဝတ်တစ်ထည်ဖြင့် လွှမ်းထားလိုက်ပါသည်။ သို့သော်လည်း ကျွန်တော်သည် ပန်းချီကားရှေ့၌ ဆက်ထိုင်နေမိသည်။ ထုတ်ဖော်ပြော၍ မထွက်သော ကြောက်စရာအတွေးများသည် ကျွန်တော့်စိတ်ကို ဖမ်းစားနှိပ်စက်လျက်ပင် ရှိသည်။ နေသည် အနောက်သို့ နိမ့်ဆင်းသွားပြီး နေရောင်ခြည်တန်းများသည် သုံးချောင်းထောက်ခုံပေါ်သို့ ခပ်စွေစွေ၊ ခပ်စောင်းစောင်းပင် ထိုးကျလျက် ရှိသည်။ အဝတ်ဖုံးထားသော ပန်းချီကားထဲမှ ရုပ်ပုံလွှာသည် လူသားတစ်ဦးနှင့် တူလှပါဘိခြင်း။

သင့်ကို ဘယ်သူခေါ်လာတာလဲ။ ငါကိုယ်တိုင်ပဲ ဒီနေရာမှာ သင့်ကို ဖန်တီးခဲ့တာပါ။ ငါ သင့်ကို အသက်သွင်းခဲ့တာဟာ မှောင်မည်းနေတဲ့ ဘိုင်လာထဲကပါ။ သင့်ရဲ့မြင်ကွင်းကို မြင်ရရင် ရွံရှာမုန်းတီးဖို့ကောင်းလှတဲ့ အောက်တန်းစား လူတန်းစားတွေရဲ့ဘဝကို ထိတ်လန့်ကြောက်ရွံ့သွားအောင် လို့ပါ။ သင့်ရဲ့ဖမ်းစားမှုကို ခံထားရတဲ့ ငါ့ရဲ့စွမ်းအားကြောင့် သင်ဟာ ကင်းဗတ်ပေါ်မှာလာပြီး ထင်ဟပ်ခဲ့တာပါ။ "ကျုပ်ဟာ ခင်ဗျားတို့ရဲ့စိတ်ကို တအုံ့နွေးနွေး ဖြစ်နေအောင် လုပ်ရမယ့်ကောင်ပဲ" လို့ အော်ပြောလိုက်စမ်းပါ။

mgyoe.com

mgyoe.com


သူတို့ရဲ့ နှလုံးသားတွေကို ထိုးနှက်လိုက်စမ်းပါ။ အိပ်မပျော်အောင် လုပ်ထားလိုက်စမ်းပါ။ သူတို့ရဲ့ မျက်လုံးတွေရှေ့မှာ သူရဲတစ်ကောင်လို သွားရပ်ပြီး ခြောက်လှန့်နေစမ်းပါ။ သူတို့ရဲ့ အေးချမ်းနေတဲ့စိတ်ကို သတ်ပစ်လိုက်စမ်းပါ။ အခု ငါ့စိတ်ကို သင် သတ်နေသလိုမျိုးပေါ့။

ပန်းချီကားကတော့ ပြီးသွားပြီ။ ရွှေနားကွပ်ထားတဲ့ ပေါင်တပ်ပြီးရင် အလုပ်သမားနှစ်ယောက်က တစ်ဖက်တစ်ချက်မပြီး အကယ်ဒမီကျောင်းရှိ ပန်းချီပြခန်းသို့ ပို့မည်။ ယခုအခါ ပန်းချီကားသည် 'မွန်းတည့်ချိန်များနှင့် နေဝင်ချိန်များ' ဟု အမည်ပေးထားသော ပန်းချီကားများ၏ အလယ်၌ ရောက်နေပြီ။ "ကြောင်တစ်ကောင်နှင့် မိန်းကလေး" အမည်ရှိ ပန်းချီကား၏ ဘေး၌ မားမားမတ်မတ်ရပ်နေသည်။ အရှည် ခုနစ်ကိုက်ရှိသော "အီဖန်သီတဲစ်ဘဲလ်" အမည်ရှိ ပန်းချီကားနှင့်လည်း သိပ်မဝေးလှ။

ဤကားကို ကြည့်မည့်သူဟူ၍ တစ်ဦးမျှ မရှိဟုတော့ မပြောနိုင်။ လူတွေကတော့ ကြည့်ကြလိမ့်မည်။ ပြီးတော့ ချီးကျူးကြမည်။ ပန်းချီဆရာတွေကလည်း ဆွဲနည်းဆွဲဟန်ကို ဆွေးနွေးဝေဖန်ကြမည်။ ဝေဖန်သူများကလည်း သူတို့မှတ်စုစာအုပ်များကို ထုတ်၍ ပန်းချီကားနှင့် ပတ်သက်သော အချက်အလက်များကို ရေးမှတ်ခြင်း ပြုလိမ့်မည်။ ပစ္စဗီ၊ အက်စ် တစ်ဦးတည်းသာလျှင် ထိုကဲ့သို့ ရေးမှတ်ခြင်း ပြုပေလိမ့်မည် မဟုတ်။ သူကတော့ ပန်းချီကားကို အသေအချာကြည့်မည်။ သဘောတူ လက်ခံမည်။ ချီးကျူးစကားပြောမည်။ ပြီးလျှင် ကျွန်တော့်လက်ကို ဆွဲခါမည်။

ပန်းချီဝေဖန်ရေးဆရာ အယ်လ်ကတော့ စိတ်ဆိုးမာန်ဆိုးဖြင့် "လူ့ပန်းပဲပေ"ကို ဝေဖန်တိုက်ခိုက်မည်။ ပြီးတော့ "ဘယ်မှာလဲကွ အလှ၊ ပြောကြစမ်းပါဦး၊ ငါဖြင့် အလှဆိုတာ ရှာလို့ကို မတွေ့ဘူး" ဟု အော်ကြီးဟစ်ကျယ် ပြောမည်။ ထို့နောက် ကျွန်တော့်အား ဆဲရေးတိုင်းထွာမည်။ ပြစ်တင်ရှုတ်ချမည်။ အနီးအနားမှ ဖြတ်သွားနေကြသော ပရိသတ်သည် သူ့စကားများအပေါ် စိတ်ဝင်စားဟန်မပြ။ တချို့ကတော့ မနှစ်သက်သည့် အမူအရာဖြင့် မျက်နှာကို ရှုံ့ကြမည်။ ပြီးတော့နောက် ပန်းချီကားဆီသို့ ဆက်လျှောက်သွားကြမည်။ "ကြောင်တစ်ကောင်နှင့် မိန်းကလေး" ပန်းချီကားကို ကြည့်ပြီး "လှသကွာ အတော်လေးကို လှတာပဲ" ဟု ပြောကြလိမ့်မည်။

mgyoe.com

mgyoe.com


မျက်နှာပေါက် ခပ်ဆိုးဆိုးနှင့်လူများသည် ပန်းချီကားကို ပြုံး၍ကြည့်ကြမည်။ အောက်ဘက်မှ ဈေးကို ငုံ့ကြည့်မည်။ ပါးစပ်မှ မပီမသ စကားကို ရေရွတ်မည်။ လူငယ်တချို့နှင့် အမျိုးသမီးငယ်အချို့ကသာလျှင် ပန်းချီကားရှေ့၌ အချိန်ကြာမြင့်စွာရပ်ပြီး စိတ်ဝင်တစား ကြည့်ကြမည်။ ကင်းဗတ်ပေါ်၌ ကျွန်တော် ထည့်သွင်းထားသည့် နာကျင်မှုဝေဒနာနှင့် ဒိုရိုက်သံကို ဤလူငယ်များကသာလျှင် မြင်ကြ၊ ကြားကြမည်။ ခံစားသိရှိကြမည်။

ထို့နောက် ဘာဖြစ်လာမည်နည်း။ ပန်းချီကားကို ပြပြီးပြီ။ ဝယ်သူက ဝယ်၍ ယူသွားမည်။ သို့သော်လည်း ကျွန်တော့်အတွက် ဘာဖြစ်လာစရာရှိပါသေးသနည်း။ ဤရက်အတွင်း ကျွန်တော် ရင်ဆိုင်ဖြတ်သန်းလာခဲ့ရသမျှ အရာအားလုံးသည် ခြေရာလက်ရာအစအန တစ်ခုမျှပင် မကျန်တော့ဘဲ ပျောက်ကွယ်သွားကြလေမလား။ ဤပန်းချီကား၏ အဆုံးသတ်သည် စိတ်လှုပ်ရှားမှုတစ်ခုတည်းကိုသာ ခံစားပြီး ကျန်ရစ်ခဲ့မှာလား။ ယင်းခံစားမှု အပြီးတွင် စိတ်သည် သက်သောင့်သက်သာဖြစ်သွားပြီး အပြစ်ကင်းမဲ့သော အကြောင်းအရာများကို ရှာဖွေခြင်း ပြုမလား။ ကျွန်တော့်အသိ အရောင်းသမားက အရောင်းစာရေးအား လှမ်းအော်လိုက်သည့်အသံကို ပြန်လည်သတိရမိသည်။

"မာတီနောဗ့် မှတ်ထားလိုက်ဦး။ နံပါတ် ၁၁၂၊ ပထမ အချစ်ကား၊ နှင်းဆီပန်းတစ်ပွင့် ခူးနေတဲ့ မိန်းကလေး"

"မာတီနောဗ့် နောက်တစ်ခုမှတ်လိုက်ဦး၊ ဒုတိယ အချစ်ကား၊ နှင်းဆီပန်းကို နမ်းနေတဲ့ မိန်းကလေး"

ကျွန်တော့်အနေဖြင့် ယခင်ကကဲ့သို့ပင် နှင်းဆီပန်းနံ့ကို ရှူနေဦးမှာလား သို့မဟုတ် မီးရထားလမ်းပေါ်မှ ခုန်ဆင်းသွားမှာလား။

* * *

mgyoe.com

mgyoe.com

၇

## ဒီဒေါ်

ရာဘီနင်ဟာ သူဆွဲနေတဲ့ "လူပန်းပဲပေ" ပန်းချီကားကို အပြီးသတ်လု နီးနေပြီ။ ဒီနေ့ပဲ သူက ကျွန်တော့်ကိုဖိတ်ပြီး သူ့လက်ရာကို ကြည့်ခိုင်းတယ်။ ကျွန်တော့်အနေနဲ့ အထင်အမြင်သေးတဲ့စိတ်နဲ့ ရောက်သွားတာပါ။ ဒါပေမဲ့ ဟိုရောက်လို့ ပန်းချီကားကို မြင်လိုက်ရတော့ ကျွန်တော့်စိတ်ဟာ ပြောင်းလဲ သွားတယ်။ တော်တော့်ကို ကောင်းတာပဲ။ ဒီဇိုင်းကဖြင့် အကောင်းဆုံးပါပဲ။ မျက်နှာမှာ ပုံသွင်းထားပုံကလည်း ကောင်းတာပဲ။ အားလုံးထဲမှာ အကောင်းဆုံး ကတော့ အလင်းရောင်ပေးပုံပါပဲ။

ဒီကားရဲ့ အရည်အသွေးတွေဟာ အင်မတန် ထူးဆန်းတဲ့ အကြောင်း အရာ ရွေးချယ်မှုပဲဆိုတာ သံသယဖြစ်ဖို့ မရှိပါဘူး။ ဝေဖန်ရေးဆရာ အယ်လ် ဟာ ကျွန်တော်နဲ့ တစ်သဘောထဲ ဖြစ်မှာပါ။ လာမယ့်အပတ်ဆိုရင် သူ့ ဆောင်းပါးဟာ သတင်းထဲမှာ ပါလာမှာပါ။ အဲဒီအခါကျရင် ရာဘီနင် ဘာပြောမလဲဆိုတာ ကျွန်တော်တို့ စောင့်ကြည့်ကြရမှာပဲ။ အယ်လ်အနေနဲ့ ဒီကားကို ဝေဖန်တဲ့အခါ နည်းပညာနဲ့ ပတ်သက်တဲ့အပိုင်းမှာ အခက်အခဲ ဖြစ်ရလိမ့်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ဒီပန်းချီကားရဲ့ အနုပညာမြောက် မှုအပိုင်းကကြည့်ရင်း အလွန်ထူးခြားတယ်ဆိုတာကိုတော့ သူကောင်းကောင်း ကြီး ဝေဖန်လို့ရမှာပါ။

mgyoe.com

mgyoe.com


ဒီနေ့ပဲ ကျွန်တော့်ဆီကို အယ်လ် ရောက်လာပါတယ်။ သူ့ဆီမှာ ချီးကျူးစကားတွေနဲ့ ပြည့်နေတယ်။ အသေးအဖွဲ့ အချက်အလက်ကလေးတွေအပေါ်မှာ ထင်မြင်ချက် ပေးပါတယ်။ ဒါပေမဲ့ တစ်ကားလုံးကို ခြုံကြည့်လိုက်ရင် အလွန်ချီးကျူးရမယ့် ကားတစ်ကားပါလို့ ပြောပါတယ်။ တကယ်လို့ ပါမောက္ခတွေက ကျွန်တော့်ကားကို ကြည့်ကြမယ်ဆိုရင်ကော။ ကျွန်တော့် အနေနဲ့ အကယ်ဒမီကျောင်းက ကျောင်းသားတိုင်း ရယူဖို့ ကြိုးစားနေတဲ့ ရွှေတံဆိပ်ဆုကိုများ ကျွန်တော်ရလေမလား။

ရွှေတံဆိပ်ဆုဆိုတာ လူတိုင်းရချင်တာချည်းပါပဲ။ လေးနှစ်တိတိ အကုန်အကျခံထားခဲ့တဲ့ ငွေကြေးဟာ မနည်းပါဘူး။ ရွှေတံဆိပ်ကိုသာ ရလို့ကတော့ အလွန့်ကို ငွေကုန်ရကျိုးနပ်ပါတယ်။ ရှေ့အလားအလာကျတော့လည်း ပါမောက္ခရာထူး တစ်နေရာတော့ မှန်းနိုင်မှာပါ။ မှန်ပါတယ်။

စိတ်ပျက်စရာကောင်းပြီး အလွန်ငြီးငွေ့စရာကောင်းတဲ့ ဒီအလုပ်နဲ့ ပတ်သက်လို့ ကျွန်တော် လုပ်လိုက်တာဟာ တကယ့်ကိုမှန်ပါတယ်။ ဒီအလုပ်က ခြေတစ်လှမ်း လှမ်းလိုက်တိုင်း တခြားလူတစ်ယောက်နဲ့ ဒါမှမဟုတ် ရာဘီနင်ရဲ့ "လူ့ပန်းပဲပေ" ကားတစ်ကားနဲ့ ထိပ်တိုက်တိုးမှာ သေချာနေတယ် မဟုတ်လား။

* * *

mgyoe.com

mgyoe.com

၈

## ရာဘီနင်

ပန်းချီကားကို ရောင်းလိုက်ပြီဖြစ်၍ မော်စကိုမြို့တော်သို့ သယ်ဆောင်သွားပြီဖြစ်၏။ ပန်းချီကားအတွက် ငွေကို ကျွန်တော် ရရှိသည်။ သူငယ်ချင်းများ၏ နားပူနားဆာလုပ်မှုကြောင့် ကျွန်တော်သည် သူတို့အား ဗီယင်နာသို့ခေါ်၍ ညှော်ခံကျွေးမွေးရမည် ဖြစ်သည်။ ထိုဓလေ့ထုံးစံသည် ဘယ်အချိန်၊ ဘယ်ကာလက ပေါ်ခဲ့သည်ကို ကျွန်တော် မသိပါ။ သို့သော်လည်း လူငယ်ပန်းချီဆရာများသည် ဤကဲ့သို့သော အထိမ်းအမှတ်ပွဲများကို ထိုဟိုတယ်၏သီးသန့်ထောင့်ခန်းထဲ၌ ပြုလုပ်လေ့ရှိသည်။

အခန်းသည် ကြီးမားကျယ်ဝန်းသည်။ ရှင်းဒလီးယား ပန်းဆွဲမီးများတပ်ဆင်ထားသည်။ ကင်ဒယ်လာဘရား အမည်ရှိ ဖယောင်းတိုင်များ တပ်ဆင်ထားသည့် ပန်းဆိုင်းမီးများလည်း ရှိသည်။ ခန်းလုံးပြည့် ကော်ဇောများအပြည့် ခင်းထားသည်။ ပရိဘောဂများလည်း အပြည့်ချထားသည်။ စန္ဒရားကြီးတစ်လုံးလည်း ရှိသည်။ အခန်းထဲတွင် အသစ်ဟူ၍ ကိုယ်လုံးပေါ်မှန်ကြီးသာ ရှိသည်။ နှစ်နှစ်၊ သုံးနှစ်တစ်ကြိမ် လဲနေခြင်းဖြစ်၍ သစ်လွင်နေခြင်းဖြစ်လေသည်။

လာကြသည့် ပရိသတ်မှာ အတော်ကလေး များသည်။ ပန်းချီဆရာများ၊ ပန်းပုဆရာများ၊ သတင်းစာနှစ်စောင်မှ ဝေဖန်ရေးဆရာ နှစ်ယောက်နှင့်လူစိမ်း တော်တော်များများပါသည်။ သူတို့အားလုံး သောက်ကြစားကြ

mgyoe.com

mgyoe.com


စကားပြောကြသည်။ နာရီဝက်ခန့်အကြာတွင် လူအားလုံး တစ်စုတဝေးတည်းဖြစ်ကာ ဝိုင်းဖွဲ့ စကားပြောနေကြလေပြီ။

ကျွန်တော်ကိုယ်တိုင်လည်း အများနည်းတူ ရွှင်မြူးလာသည်။ ကျွန်တော့်အား ချီးကျူးဂုဏ်ပြု၍ အရက်သောက်သူများလည်း ရှိသလို၊ ကျွန်တော့်ပွဲအတွက် မိန့်ခွန်းပြောသူက ပြောကြသည်။ ကျွန်တော်သည် ဝေဖန်ရေးဆရာတစ်ယောက်၏ ပါးကို နမ်း၍ သူနှင့် တရင်းတနှီး အရက်တွဲသောက်သည်။ အတူတူသောက်လိုက်၊ စကားပြောလိုက်၊ တစ်ယောက်ကိုတစ်ယောက် ဖက်နမ်းလိုက်နှင့် ပျော်စရာကြီး ဖြစ်နေလေသည်။ ထိုညက ပွဲသည် နောက်နေ့မနက် လေးနာရီထိုးမှ ပြီးသည်။ အကယ်၍ ကျွန်တော် အမှတ်မမှားပါက ထိုညက ကျွန်တော်တို့နှစ်ဦးသည် ဟိုတယ် ဗီယင်နာ၏ ထောင့်ခန်းထဲတွင် အိပ်ပျော်သွားသည်ဟု ထင်ပါသည်။

ကျွန်တော်သည် ကိုယ့်ဖာသာကိုယ် မနည်းကြီး တာစူကာ အိမ်သို့ ပြန်လာခဲ့ရသည်။ အဝတ်အစားပင် မလဲတော့ဘဲ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်သည်။ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် မုန်တိုင်းထဲ ရောက်နေသည့်နှယ် ခံစားနေရ၏။ မုန်တိုင်းကျနေစဉ်အတွင်း သွားနေသည့် သင်္ဘောပေါ်၌ လှိုင်းမူးနေသည့် လူတစ်ယောက်နှင့် ဘာမျှမခြားပါ။ ကျွန်တော့်အိပ်ခန်းသည် ဟိုစောင်းသည်စောင်းဖြစ်ကာ လူးလိမ့်နေသည်။ ဤသို့ဖြစ်နေသည်မှာ တစ်မိနစ်၊ နှစ်မိနစ်ခန့် ကြာမည်ဟု ထင်ပါသည်။ ထို့နောက်တော့ ကျွန်တော် အိပ်ပျော်သွားသည်။

ကျွန်တော် အိပ်ရာမှ အချိန်များစွာနောက်ကျပြီးမှ နိုးလာသည်။ ကျွန်တော့်ခေါင်း တစ်ခေါင်းလုံး ကိုက်ခဲနေသည်။ တစ်ကိုယ်လုံး မထူချင်၊ မထချင်လောက်အောင် လေးလံနေသည်။ နာရီပေါင်းများစွာ ကြာသည်အထိ မျက်စိများကို ဖွင့်၍မရ။ ကျွန်တော် မျက်လုံးများကို ပြန်ဖွင့်လိုက်သည့်အခါ ပန်းချီကားတင်ခုံကို လှမ်းမြင်သည်။ ခုံပေါ်တွင် ပန်းချီကား မရှိပါ။ ဤခုံသည် ကျွန်တော့်အား အတိတ်ဘဝက အတွေ့အကြုံများဆီသို့ ပြန်၍ ပို့ပေးနေသည်။ ကျွန်တော်သည် အလုပ်တစ်ခု ပြန်၍ စရပေဦးတော့မည်။ ဤကိစ္စကို အဆုံးသတ်ရန်အတွက် ကျွန်တော် တစ်ခုခုတော့ လုပ်မှ ဖြစ်ပေတော့မည်။

mgyoe.com